BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅–၁–၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၄ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ(၁၅) | အမှတ် (၃၄)

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အင်အားပိုမိုတောင့်တင်းလာ ချမှတ်ထားသော မူဝါဒများအပေါ် ပြတ်သားစွာ ဆက်လက်ဆောင်ရွက်သွားမည် အထွေထွေအကြပ်အတည်းများ တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းကြရမည်

ဇန်နဝါရီ၊ (၈)ရက် (ရန်ကုန်)

ပြည်သူ့လွှတ်တော်တာဝန်များအား ကိုယ်စားပြုထမ်းဆောင်နိုင်ရေးအတွက် ဖွဲ့စည်းခဲ့သည့် (CRPP) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ပုံမှန်စုံညီအစည်းအဝေးတရပ်ကို ဇန်နဝါရီလ(၈)ရက် ဗုဒ္ဓဟူးနေ့က ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ထိုအစည်းအဝေးတွင် အဖွဲ့ဝင်သစ် (၂)ဦးအား လက်ခံ၍ ထပ်မံ တိုးချဲ့ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

အဖွဲ့ဝင်သစ်များအဖြစ် လက်ခံခြင်းခံရသူ နှစ်ဦးမှာ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့မှ အငြိမ်းစားဗိုလ်မှူးကြီးလှမောင်နှင့် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်မှ တသီးပုဂ္ဂလပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သူ ဦးသိန်းဖေတို့ဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးသုံးသပ်ခဲ့ကြကြောင်း သိရပြီး၊ (NLD) အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ရခိုင်ပြည်နယ် ခရီးစဉ် အတွေ့အကြုံကို ရှင်းလင်းပြောကြား သွားခဲ့သည်။

(CRPP)၏ပြောရေးဆိုခွင့်ရှိသူ ဦးအေးသာအောင်၏အဆိုအရ ယခု ၂၀၀၃ ခုနှစ်တွင် (CRPP)က ချမှတ်ထားသောမူဝါဒကို အခြေခံ၍ ခိုင်ခိုင်မာမာ ပြတ်ပြတ်သားသား ဆက်လက်ရပ်တည်သွားမည်ဟု ဆုံးဖြတ်ထားကြောင်းသိရှိရပြီး တိုင်းပြည်တွင် ကြုံတွေ့နေရသည့် အထွေထွေအကြပ်အတည်းများနှင့် ပတ်သက်၍ ၎င်းကပြောကြားရာတွင် လက်ရှိ နိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းရာ၌ နိုင်ငံရေးပါတီများအပါအဝင် ပြည်သူလူထုများတွင်လည်း တာဝန်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများနှင့် ပြည်သူများအားလုံး အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်သလို၊ လက်ရှိ တိုင်းပြည်ကို တာဝန်ယူထားသည့် နအဖအနေဖြင့်လည်း ဒီမိုကရေစီ ပြောင်းလဲရေးအတွက် လုပ်ဆောင်နေပါသည်ဟုပြောပြီး နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်နေမည့်အစား တိုင်းပြည်နှင့် ပြည်သူ့မျက်နှာကို ထောက်ထား၍ လက်တွေ့ကျသည့် တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးပြုလုပ်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသွားခဲ့သည်။

အဖွဲ့ဝင်(၉)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သော (CRPP)သည် ယခုအခါ နိုင်ငံရေးပါတီ(၁၀)ပါတီနှင့် တသီးပုဂ္ဂလတဦးတို့ဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ပြီးဖြစ်ပြီး၊ တိုင်းရင်းသားပါတီ (၂၁)ပါတီတို့ ပူးပေါင်းဖွဲ့စည်းထားသည့်(UNLD) (ခေါ်) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်ကလည်း အဖွဲ့ဝင်သစ်အဖြစ် ပါဝင်ဆောင်ရွက်ရန် အဆိုပြုထားရာ နောက်တကြိမ်အစည်းအဝေးတွင် လက်ခံရန် အတည်ပြုဆုံးဖြတ်ကြမည်ဖြစ်သည်။

(CRPP)သည် အဖွဲ့ဝင်သစ်များအား သက်ဆိုင်ရာတာဝန်များ ပေးအပ်သွားပြီး မူလမျှော်မှန်းထားသည့် ရည်ရွယ်ချက်အတိုင်း ပြည်သူ့လွှတ်တော်တခု ပေါ်ပေါက်လာရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးစတင်နိုင်ရန် နိုင်ငံရေးပါတီများ၊ ပြည်သူလူထုများ နှင့်အတူ နအဖ စစ်အုပ်စုအပေါ် ဖိအားပေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအစည်းအဝေးသို့ ပြီးခဲ့သည့် အောက်တိုဘာလကမှစ၍ အဖွဲ့ဝင်သစ်များအဖြစ် ဝင်ရောက်လာကြသည့် တိုင်းရင်းသားပါတီများကပါ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ ❖



## ၅၅ နှစ်မြောက် လွတ်လပ်ရေးနေ့ အဲန်အယ်လ်ဒီ၏ သဘောထား ကြေညာချက်ထုတ်ပြန်

### ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ် အကောင်အထည်မဖော်မချင်း ရွေးကောက်ပွဲအသစ် လက်မခံ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဆက်လက်ရပ်တည်သွားမည်ဟု ခိုင်မာစွာဖော်ပြ။

ဇန်နဝါရီ၊ (၄)ရက် (ရန်ကုန်)

"မြန်မာပြည်သူပြည်သားများအားလုံး လွတ်လပ်ရေးစိတ်ဓာတ်ကို ကာကွယ်ရမယ်။ လွတ်လပ်ရေးဆိုတာ လမ်းထဲမှာ ပစ်ထားရမယ့်အရာမျိုး မဟုတ်ဘဲ၊ သေချာစွာ စောင့်ရှောက်ကာကွယ်မှ ရှင်သန်မှာဖြစ်တယ်"ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမှာစကားအဖြစ် မြန်မာပြည်သူလူထုတရပ်လုံးအား တိုက်တွန်းပြောကြားသွားခဲ့သည်။

၂၀၀၃ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် ကျရောက်သည့် (၅၅)နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားတရပ်ကို ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးတွင် အဆိုပါနေ့ကကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ ဒုတိယလွတ်လပ်ရေးရရှိရေးအတွက် ဦးဆောင်ကြိုးပမ်းတိုက်ပွဲဝင်နေသူ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အခမ်းအနား အစတွင် ထိုသို့ တိုက်တွန်းပြောကြားသွားခဲ့ခြင်းဖြစ်သည်၊ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ရာတွင် အဖွဲ့ချုပ်နှင့် စစ်အုပ်စုတို့အကြား ယုံကြည်မှုတည်ဆောက်ရန် စတင်ဆွေးနွေးခဲ့သည့် ၂၀၀၀ ခုနှစ် အောက်တိုဘာလမှစ၍ ယနေ့အချိန်ထိ နိုင်ငံရေးဆွေးနွေးမှုများ စတင်ခဲ့ခြင်း မရှိသေးကြောင်းနှင့် ဆွေးနွေးမှုများပြုလုပ်ရန် အချိန်ကြာမြင့်လာသည်နှင့်အမျှ ပြည်သူလူထုအတွက် ပိုပြီးနစ်နာလာမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြား သွားခဲ့သည်။

ထိုအခမ်းအနားတွင် စာမျက်နှာ (၁၇) မျက်နှာရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွတ်လပ်ရေးနေ့ ကြေညာစာတမ်းကို အဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦးက ဖတ်ကြားသွားခဲ့သည်။ စာတမ်းအစတွင် မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်းကြောင်းအကျဉ်းကို ဖော်ပြထားပြီး မြန်မာနိုင်ငံသည် ယနေ့ကာလထိ လွတ်လပ်ရေး၏ အရသာကို ပြည့်ပြည့်ဝဝ ခံစားရခြင်း မရှိသေးဘဲ၊ စစ်အာဏာရှင် အဆက်ဆက် ဖိနှိပ်ချုပ်ချယ်မှုအောက်တွင်သာ ကျရောက်လျက်ရှိနေဆဲ ဖြစ်ကြောင်း ရေးသားထားသည်။

စာတမ်းတွင် ဆက်လက်ဖော်ပြထားရာ၌ ယမန်နှစ် မေလ(၆)ရက်နေ့ နေအိမ်အကျယ်ချုပ်မှ ဒေါ်အောင်ဆန်းစုကြည်

စာမျက်နှာ(၉)၊ ကော်လံ(၁)သို့ ❍

## ပြည်သူများအတွက် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ လွတ်လပ်ရေးနေ့ စကားလက်ဆောင်

"မြန်မာပြည်သူတွေအတွက် ပြောချင်တာကတော့ လွတ်လပ်ရေးရဲ့စိတ်ဓာတ်ကို ကာကွယ်ရမယ်၊ တန်ဖိုးရှိတဲ့အရာကို ကာကွယ်ရမယ်၊ တကယ်ပဲတန်ဖိုးရှိတဲ့အရာ၊ တန်ဖိုးရှိတဲ့ပစ္စည်းတွေဆိုရင် ဘယ်သူကမှ လမ်းထဲမှာ ပစ်ထားမှာမဟုတ်ဘူး။ အဲဒီတော့ လွတ်လပ်ရေးဆိုတာမျိုးက လမ်းထဲမှာ ပစ်ထားရမယ့်အရာမျိုး မဟုတ်ဘူး။ ကိုယ်ကနေပြီးတော့ စောင့်ရှောက်ကာကွယ်မှ ဆက်လက်ပြီးတော့ ရှင်သန်မှာ။ အဲဒါပဲ လွတ်လပ်ရေးနေ့မှာ ပြောချင်တယ်"။

**လူငယ်များအား ရည်ညွှန်းချက်**

"အထူးသဖြင့် မြန်မာနိုင်ငံရဲ့ လူငယ်တွေကို ကျေးဇူးတင်စကားပြောချင်တယ်။ အန်တီ ခရီးထွက်တဲ့အခါမှာဆိုလို့ရှိရင် လူငယ်တွေက သိပ်ပြီးတော့ကို နွေးနွေးထွေးထွေးနဲ့ ထောက်ခံကြပါတယ်။ အဲဒီလိုလူငယ်တွေကို တွေ့ရတဲ့အခါကျတော့ သိပ်ပြီးတော့ အားတက်တယ်။ တိုင်းပြည်ရဲ့ အနာဂတ်အတွက်လည်း အများကြီးပဲ မျှော်လင့်ချက်တွေ ရှိလာတယ်။ ဒါကြောင့်မို့ လူငယ်တွေကို ကျေးဇူးလဲတင်တယ်။ ဆက်ပြီးတော့ကြိုးစားကြပါ။ တိုင်းပြည်အကျိုးအတွက် အများကြီးသယ်ပိုးနိုင်တဲ့လူငယ်တွေ ဖြစ်ပါစေလို့လဲ လွတ်လပ်ရေးဆုအနေနဲ့ မေတ္တာပို့လိုက်ပါတယ်"။

ဇန်နဝါရီ(၄)ရက်၊ ၂၀၀၃ ခုနှစ်

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## ဒုတိယအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအား ဆင်နွှဲကြ

သက္ကရာဇ် ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ (၅၅)ကြိမ်မြောက် လွတ်လပ်ရေးနေ့အခါသမယဖြစ်ပေသည်။ လွတ်လပ်ရေးတိုက်ပွဲဝင်ကာလတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား တိုင်းရင်းသားလူမျိုးစုများအပါအဝင် ပြည်သူတရပ်လုံးက လှည်းနေလှေအောင်း မြင်းဇောင်းမကျန် စုစည်းဝိုင်းဝန်းခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့အရေးတော်ပုံပါတီနှင့် တပ်မတော်တို့ကို ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး အလံတော်အောက်တွင် တညီတညွတ်တည်း စုစည်းပြီး လွတ်လပ်ရေးအောင်ပွဲကို ပြည်သူတရပ်လုံး၏ အမျိုးသားသွေးစည်းညီညွတ်ရေး စွမ်းပကားဖြင့် အရယူနိုင်ခဲ့သည်။

သို့သော် ဗိုလ်ချုပ်နှင့်တကွ လွတ်လပ်ရေးကြိုးပမ်းသူအပေါင်း မျှော်လင့်တောင့်တခဲ့ကြသည့် လွတ်လပ်ရေး၊ ဒီမိုကရေစီရေး ရည်မှန်းချက်များကား အနှစ်သာရအရ ပြည်သူတို့ မခံစားနိုင်ခဲ့ကြပေ။ နိုင်ငံရေးဂိုဏ်းဂဏ၊ ပုဂ္ဂိုလ်ရေး အာဃာတနှင့် လူမျိုးရေးအစွဲအလမ်းများကြောင့် အမျိုးသားညီညွတ်ရေး ပြိုကွဲခဲ့ရသည်။ ထို့ပြင် လွတ်လပ်ရေးနှင့်အတူ ဖြစ်ပွားလာသော ပြည်တွင်းစစ်ကြောင့် စစ်အာဏာရှင်များ လွှမ်းမိုးမှုကို နှစ်ပေါင်းလေးဆယ်ကျော်ကြာ ခံစားခဲ့ရသည်။ ပြည်သူတိုင်း လွတ်လပ်ရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ ဆိတ်သုဉ်းခဲ့ရသည်။

စစ်အာဏာရှင်စနစ် အကျိုးဆက်အဖြစ် တိုင်းပြည်ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နိုင်ငံရေး စသည့် အခြေအနေအရပ်ရပ်သည် ယိုယွင်းပျက်စီးခဲ့ကြသည်။ လွတ်လပ်ရေးရပြီးကာစတွင် ဖွံ့ဖြိုးတိုးတက်မှုအလားအလာ အကောင်းဆုံးနိုင်ငံအဖြစ်မှ (၆၂)ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် (၂၅)နှစ်အကြာတွင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်ဖြစ်ခဲ့ရသည်။ အိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ စကင်္ကာပူတို့နှင့်နှိုင်းယှဉ်လျှင် နှစ်ပေါင်းနှစ်ဆယ်၊ သုံးဆယ်ခန့် နောက်ကျနေပြီဖြစ်ကြောင်း ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း သွားရောက်ခဲ့သော ရောဝတီတိုင်း စည်းရုံးရေးခရီးစဉ်တွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။ စားသောက်ကုန်ဈေးနှုန်းများ အဆမတန်ကြီးမြင့်လာနေခြင်း၊ နေရေးအခက်အခဲကြီးမားခြင်း၊ လောင်စာဆီ မလောက်ငှမှုကြောင့် နေ့စဉ် သွားလာစရိတ်ကြီးမြင့်လာခြင်း၊ ကျန်းမာရေးကုသစရိတ်များမှာ အခွင့်ထူးခံ လူများမှအပ သာမန်လူများ ဆေးမကုသနိုင်လောက်အောင် ဈေးကြီးခြင်း၊ ပညာသင်ကြားရေးစရိတ်ကြီးလာခြင်းနှင့် မြန်မာငွေတန်ဖိုး အလွန်အမင်း ကျဆင်းခြင်းတို့ကြောင့် တတိုင်းပြည်လုံး ကြိမ်မီးအုံးသလို ပူလောင်လျက် မည်သည့်ခေတ်အခါနှင့်မျှ မတူအောင် ဒီမိုကရေစီရေးနှင့် လွတ်လပ်ရေး ဆာလောင်မွတ်သိပ်မှုမှာ ပြည်သူလူထုအတွင်း အာသာငမ်းငမ်း ပြင်းပြလျက်ရှိသော အချိန်အခါလည်း ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ လွတ်လပ်ရေးဖခင်များသည် ပြည်သူတရပ်လုံး သွေးစည်းညီညွတ်မှု ရယူလျက် ဖဆပလ အမျိုးသားတပ်ပေါင်းစုကို ထူထောင်ကာ ပထမလွတ်လပ်ရေးကို ရယူနိုင်ခဲ့သည်။ ထိုနည်းတူပင် ယခုကာလတွင် ဆင်နွှဲနေသော ဒုတိယအမျိုးသား လွတ်မြောက်ရေးတိုက်ပွဲတွင်လည်း လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဝိုင်းရံလျက် အမျိုးသားသွေးစည်း ညီညွတ်ရေးအင်အားဖြင့်သာ အောင်ပွဲကို ရယူနိုင်မှာ ဖြစ်ပေသည်။ မြန်မာ့လွတ်လပ်ရေးနေ့ (၅၅)နှစ်မြောက် အချိန်သမယနှင့် ထူးခြားတိုက်ဆိုင်စွာပင် လွှတ်တော်ကိုယ်စားပြုကော်မတီကို ထပ်မံတိုးချဲ့ဖွဲ့စည်းလိုက်ကြောင်း သိရပေသည်။ လွှတ်တော်ကိုယ်စားပြုကော်မတီသည် ၁၉၈၈ ဒီမိုကရေစီ အုံကြွပေါက်ကွဲမှု ကြီး၏ အကျိုးတရားဖြစ်သော ၁၉၉၀ ပြည့် ရွေးကောက်ပွဲများမှတဆင့် ဖော်ပြလိုက်သည့် ပြည်သူလူထု၏ လိုအင်ဆန္ဒကို ကိုယ်စားပြုသော သင်္ကေတအမှတ်အသားဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသား ခေါင်းဆောင်ကြီးများပါဝင်သော ဒီမိုကရေစီလှုပ်ရှားမှုမဏ္ဍိုင်အဖြစ် နိုင်ငံရေးအရ လှုပ်ရှားရပ်တည်လာသဖြင့် (CRPP)အား ဗဟိုပြု၍ တနိုင်ငံလုံးရှိ အဖိနှိပ်ခံတိုင်းရင်းသား လူမျိုးစုံပြည်သူများ၏ အမျိုးသားသွေးစည်း ညီညွတ်ရေးစွမ်းပကားဖြင့် ဒုတိယအကြိမ်မြောက် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို ဆင်နွှဲကြပါရန် ယခုကာလတွင် တိုက်တွန်းနှိုးဆော်ရပေသည်။

# ဒီနေ့ခေတ် ကမ္ဘာကို အုပ်စိုးသူများ (၃)

**ဒီဆောင်းပါးဟာ အရင်က ဘီဘီစီမှာ သတင်းထောက်လုပ်ခဲ့သူ John Pilger ရေးပြီး သူစီစဉ်ထုတ်လုပ်တဲ့ "The New Rulers of the World"ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ရဲ့ စာသားများကို စာအုပ်အဖြစ် ထုတ်ဝေထားတဲ့အထဲကဖြစ်ပါတယ်။**

**စာရေးသူ**



ဒါမှ သူတို့အနေနဲ့ နေရာသစ်တွေ (ဈေးလည်းပိုပေါတဲ့)မှာ ရင်းနှီးမြှုပ်နှံနိုင်မှာ ဖြစ်ပါတယ်။ အနောက်ဥရောပကနေ အာရှတိုက်က ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ထုတ်လုပ်ရေးလုပ်ငန်းတွေ ပြောင်းရွှေ့လာတာဟာ ဒီလွတ်လပ်တဲ့ ရင်းနှီးမြှုပ်နှံမှုသစ်ရဲ့ တိုက်ရိုက်အကျိုးဆက်ဖြစ်ပါတယ်။

### ကမ္ဘာ့ဘဏ္ဍာရေး

စီးပွားရေး ကမ္ဘာ့လွှမ်းခြုံမှုရဲ့ တတိယအဓိကမဏ္ဍိုင်ကတော့ ဘဏ္ဍာရေးဘက်ဖြစ်ပါတယ်။ ကမ္ဘာအဝှမ်းမှာ ဘဏ္ဍာအရင်းတွေ လွတ်လွတ်လပ်လပ်ကြီး စီးဆင်းနေခြင်း ဖြစ်ပါတယ်။ ဒီမှာလည်း ဆက်သွယ်ရေးနည်းပညာရဲ့ကောင်းမှုပါ ပါတယ်။ ကွန်ပြူတာကကြွက်(Mouse)ကို နှိပ်လိုက်တာနဲ့ ကမ္ဘာအနှံ့ ငွေ ကြေး အလွှဲအပြောင်းတွေ လုပ်နိုင်တော့တာပါပဲ။ ကမ္ဘာနိုင်ငံခြားငွေ ဈေးကွက်တွေမှာ နေ့စဉ် ဒေါ်လာသန်းပေါင်း တသန်းကျော် ဒီလိုအလွှဲအပြောင်းလုပ်နေကြပါတယ်။

ဒီလိုလုပ်တာဟာ လက်တွေ့စီးပွားရေးလောကနဲ့မဆိုင်ပဲ ငွေကြေးအရောင်းအဝယ်လုပ်သူတွေနဲ့သာ အများဆုံး သက်ဆိုင်တယ်လို့ဆိုနိုင်ပေမယ့် ဒီအထဲမှာပါနေတဲ့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေ ပိုင်တဲ့ ငွေကြေးရဲ့အခန်းဟာ နိုင်ငံအများအပြားရဲ့ စီးပွားရေးအတွက် သေရေးရှင်ရေးတမျှ အရေးပါပါတယ်။ ၁၉၉၇–၉၈ အရှေ့အာရှစီးပွားရေးကပ်မတိုင်မီ ရှစ်နှစ်တာကာလတုန်းက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ နိုင်ငံစုံကော်ပိုရေးရှင်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှုဟာ အစိုးရမဟုတ်သူတွေ၊ ရင်း နှီးမြှုပ်နှံတာရဲ့တဝက်ရှိပြီး၊ တခြားပုဂ္ဂလိကတွေရဲ့ ပြည်မမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက သုံးပုံ တပုံရှိပါတယ်။ အာဂျင်တီးနား၊ ဘရာဇီးလ်၊ ဥရုဂွေး၊ မက္ကစီကို၊ ထိုင်းနဲ့ တောင်ကိုးရီးယားတို့လိုနိုင်ငံတွေဟာ နိုင်ငံစုံကော်ပိုရေးရှင်းတွေထက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံ သူတွေကိုပိုပြီး ဆွဲဆောင်ခဲ့ကြပါတယ်။

### နိုင်ငံစုံကော်ပိုရေးရှင်းဆိုတာ ဘာလဲ

နိုင်ငံစုံကော်ပိုရေးရှင်း (သို့မဟုတ်) နိုင်ငံလွန်ကော်ပိုရေးရှင်း (Multinational or Transnational Corporation)ဆိုတာ ပြည်ပမှာ လုပ်ကိုင်ခြင်းမရှိပဲ ပြည်တွင်းမှာ သက်သက်လုပ်ကိုင်တဲ့ကုမ္ပဏီနဲ့ မတူ၊ တနိုင်ငံမက လုပ်ငန်းလုပ်ကိုင် တဲ့ကော်ပိုရေးရှင်း ဖြစ်ပါတယ်။ ဒီနေ့ကမ္ဘာပေါ်မှာ နိုင်ငံစုံကော်ပိုရေးရှင်းပေါင်း (၆၃၀၀၀)ရှိပြီး ကမ္ဘာ့ကုန်သွယ်မှုရဲ့ (၃ပုံ ၂ပုံ)နဲ့ ရင်းနှီးမြှုပ်နှံမှုရဲ့ ၈၀%ဟာ သူတို့လုပ်ကိုင်တာ ဖြစ်ပါတယ်။ သူတို့ဟာ ကမ္ဘာလွှမ်းခြုံမှုရဲ့ နောက်ကွယ်က အဓိကစီးပွားရေး အင်အားဖြစ်ပါတယ်။ ဒီ M/TNC အများအပြားတို့ဟာ ကမ္ဘာအနှံ့ ဖြန့်ကျက်ထားတဲ့ လုပ်ငန်းတွေ ဖြစ်လာကြပါတယ်။ ဂျင်နရယ်မော်တော်ကား ကုမ္ပဏီရဲ့ တနှစ်ထုတ်လုပ်မှုဟာ နော်ဝေနိုင်ငံထက်ပိုပြီး၊ ဖို့(ဒ်)ကုမ္ပဏီရဲ့ ထုတ်လုပ်မှုဟာ တောင်အာဖရိကနိုင်ငံထက် ပိုပါတယ်။ ဒီနေ့ကမ္ဘာရဲ့ စီးပွားရေးအင်အားကြီးတွေထဲမှာ (၅၁)ခုဟာ M/TNC တွေဖြစ်ပြီး (၄၉)ခုကမှ နိုင်ငံတွေဖြစ်ပါတယ်။

သူတို့အကြားမှာ တူညီတဲ့ အကျိုးစီးပွားတွေရှိကြပြီး သူတို့အတွက်အကျိုးရှိတဲ့ ပေါ်လစီတွေ ချမှတ်ပေးအောင် အစိုးရတွေအထဲ ဝင်ထွက်သွားလာ လှုပ်ရှားနိုင်ကြပါတယ်။ နိုင်ငံတကာကုန်သွယ်ရေးအဖွဲ့ချုပ် (ICC)နဲ့ ဥရောပစက်မှုနှင့် အတ္တလန်တစ်စီးပွားရေး အလှည့်ကျအစည်းအဝေးတို့လို အဖွဲ့အစည်းကြီးတွေဟာဆိုရင် အားအကြီးဆုံး (M/TNC)တွေကို ဖိတ်ပြီး ပါဝင်ဆုံးဖြတ်စေပါတယ်။ အနောက်နိုင်ငံအစိုးရတွေဟာ (M/TNC)တွေကို နိုင်ငံတကာရေးရာ ပေါ်လစီတွေ ချမှတ်ရာမှာ ပိုမိုလုပ်ကိုင်ခွင့်တွေ ပေးပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း မနည်းလှတဲ့ အစိုးရတွေအနေနဲ့ မိမိတို့ပြည်တွင်းက ချုပ်ကိုင်မှုတွေကို လျှော့ပေးရတာရဲ့ အဓိက အကြောင်းတရပ်ဟာ ဒီ(M/TNC)တွေရဲ့ လှုပ်ရှားမှုကြောင့် ဖြစ်ပါတယ်။

### ချုပ်ကိုင်မှုလျှော့ချခြင်း (Liberalisation)

အထက်မှာ ဖော်ပြခဲ့တဲ့ ကမ္ဘာ့လွှမ်းခြုံမှု သုံးမျိုးစလုံးမှာ တူညီတဲ့အချက်တချက် ရှိပါတယ်။ အဲဒါကတော့ နိုင်ငံနယ်နိမိတ်တွေကို ကျော်လွှားလှုပ်ရှားနေကြတဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ငွေကြေးစီးဆင်းမှုတို့ကို 'လွတ်လပ်စေခြင်း'၊ ဒါမှမဟုတ် နိုင်ငံတော်က ထိန်းညှိခြင်း မပြုရခြင်းတို့ ပါဝင်ပါတယ်။

ဒီစနစ်သစ်မှာ ပြောဆိုသုံးနှုန်းကြတဲ့ အရာတွေဟာ ဝေဝါးလှပါတယ်။ တခါတလေ ပြောင်းပြန်အဓိပ္ပာယ် ထွက်နေတတ်ပါတယ်။ 'လွတ်လပ်တဲ့ ကုန်သွယ်မှုအစီအစဉ်'လို့ ဆိုကြ တဲ့ 'ချုပ်ကိုင်မှုလျှော့ချခြင်း'ဆိုတာ သူ့ဟာနဲ့ သူတော့ ကျိုးကြောင်းဆီလျော်နေတာပါပဲ။ ဒီဝေါဟာရကို အနက်ဖွင့်တာတွေဟာလဲ အကောင်းချည်းပါပဲ။ 'ကန့်သတ်မှုတွေ၊ အတားအဆီးတွေနဲ့ ခလုတ်ကန်သင်းတွေ'ကို ဖယ်ရှားပြီး 'လွတ်လပ်တဲ့ ကုန်သွယ်မှု'ကို တည်ဆောက်ဖို့ပေါ့။

ဆက်လက်ဖော်ပြပါမည်



# (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၏မိန့်ခွန်း

ပထမဦးဆုံးအနေနဲ့ ကျမတို့ရဲ့ လွတ်လပ်ရေးအခမ်းအနားကို ကြွရောက်လာတဲ့ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များနဲ့ အခြားထောက်ခံသူများ ဧည့်သည်တော်ကြီးများအားလုံးကို ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ အထူးသဖြင့် ကျမတို့ကို အစဉ်အမြဲ ဘာနေရာမှ၊ ဘာအခွင့်အရေးမှ မလိုဘဲနဲ့ ထောက်ခံနေတဲ့ အမေတို့ အဖေတို့ကို ကျေးဇူးတင်ပါတယ်။ ဒီလို ကျမ အမြဲပဲ ကျေးဇူးတင်စကားပြောရတဲ့အကြောင်းက နေရာမလိုချင်တဲ့သူတွေဟာ ဘယ်လောက်သိက္ခာရှိသလဲဆိုတာ အများနားလည်စေချင်လို့ပါ။ ဒီလို ကျမတို့အဖွဲ့ချုပ် အင်မတန်မှ အခက်အခဲတွေတွေ့နေရတဲ့အချိန်တလျှောက်လုံးမှာ မားမားမတ်မတ်နဲ့ ရပ်တည်ပေးနေတဲ့ ကျမတို့ကို မိခင် ဖခင်များသဖွယ် ကာကွယ်စောင့်ရှောက်ပေးတဲ့လူကြီးတွေကို ကျမတို့ အစဉ်အမြဲပဲ ကျေးဇူးတင်နေမှာဖြစ်ပါတယ်။ နိုင်ငံဟာလည်း တနေ့မှာ ကျေးဇူးတင်မှာဖြစ်ပါတယ်။ ဒီလို လူကြီးတွေဟာ လူမသိ၊ နာမည်မထွက်ပေမယ့်လည်း တကယ့်ကို တိုင်းပြည်ရဲ့အကျိုးကိုပြုနေတဲ့လူကြီးတွေပါ။ ဒါကို ကျမတို့အားလုံး သတိချပ်ဖို့ လိုပါတယ်။ ကျမတို့ နိုင်ငံရေးလုပ်တဲ့အခါမှာ နေရာလိုချင်လို့၊ အာဏာလိုချင်လို့၊ အခွင့်အရေးလိုချင်လို့ ဆိုတဲ့ စိတ်ဓာတ်ပါလာလို့ရှိရင် နိုင်ငံရေးအလုပ် ပျက်စီးပါလိမ့်မယ်။ ဒါကို ကျမတို့ လွတ်လပ်ရေးနေ့မှာ အထူးသတိထားဖို့ လိုပါတယ်။

ကျမတို့နိုင်ငံရဲ့ လွတ်လပ်ရေးနေ့ဟာ နှစ်ဦးကာလမှာ ကျရောက်တာကြောင့်မို့လို့ ကျမတို့နိုင်ငံရဲ့အခြေအနေကို သုံးသပ်ဖို့ရာ အင်မတန်မှ သင့်တော်တဲ့အချိန်ဖြစ်ပါတယ်။ အခုအခါမှာဆိုရင် အားလုံးသိတဲ့အတိုင်းပဲ တိုးတက်မှုအချို့ရှိသလို ဆုတ်ယုတ်မှုတွေလည်း ရှိပါတယ်။ ဆုတ်ယုတ်မှုဆိုတာ ကျမအနေနဲ့ နိုင်ငံရေးအရ ပြောတာပါ။ စီးပွားရေး၊ ကျန်းမာရေးကိစ္စတွေကတော့ ကျမတို့ဥက္ကဋ္ဌကြီးလည်း ပြောသွားပြီးပါပြီ။ ပရိသတ်အားလုံးလည်း သိပြီးသားဖြစ်ပါတယ်။ နိုင်ငံရေးအရဆိုလို့ရှိရင် အရင်နှစ်က ပြည်သူလူထု မျှော်မှန်းခဲ့သလို တိုးတက်မှုတွေ မရှိဘူးဆိုတာဟာ အားလုံးအသိပါပဲ။ ဒီလို တိုးတက်မှုတွေမရှိလို့ ကျမတို့မှာ စိတ်ဓာတ်ကျတယ်ရယ်လို့ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျမတွေ့ခဲ့ရတာက ပြည်သူလူထုရဲ့ စိတ်ဓာတ်ဟာ အင်မတန်မှ ခိုင်မာပါတယ်။ သတ္တိအရာမှာတော့ နည်းနည်းလေး လိုနေသေးတယ်လို့ ကျမပြောရပါလိမ့်မယ်။ ဒါပေမယ့် စိတ်ဓာတ်က မှန်လို့ရှိရင် သတ္တိဆိုတာလည်း မွေးယူလို့ ရပါတယ်။ မမှန်တဲ့စိတ်ဓာတ်နဲ့ တွဲနေတဲ့သတ္တိဆိုတာ အင်မတန်အန္တရာယ်ရှိပါတယ်။ အဲ့ဒီတော့ အဓိကဟာ အခြေခံစိတ်ဓာတ်မှန်ဖို့ပဲ။ အခြေခံစိတ်ဓာတ် မှန်သွားပြီဆိုလို့ရှိရင် ဇွဲ၊ ဝီရိယ၊ သတ္တိတွေကို ကိုယ့်ကြိုးပမ်းမှုနဲ့ မွေးထုတ်နိုင်ပါတယ်။

ကျမတို့ တိုးတက်သင့်သလောက် မတိုးတက်ဘူးဆိုတဲ့နေရာမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့ကြားထဲမှာ ယုံကြည်မှု တည်ဆောက်ခဲ့တယ်ဆိုတာ အားလုံးနားလည်ပြီးသားဖြစ်ပါတယ်။ ယုံကြည်မှုတည်ဆောက်ပြီးတဲ့အခါမှာ နောက်တဆင့်တက်ရမယ်ဆိုတာလည်း ကျမတို့အားလုံး နားလည်ပြီးသားဖြစ်ပါတယ်။ ဒီနောက်တဆင့်ကို မရောက်တဲ့ကိစ္စကြောင့်မို့လို့ ပြည်သူလူထုတွေအနေနဲ့ စိုးရိမ်သောကတွေဖြစ်နေတယ်ဆိုတာ ကျမနားလည်ပါတယ်။ ကျမပြောချင်တာကတော့ ဘာမှစိုးရိမ်သောကဖြစ်စရာ မလိုပါဘူး။ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်အောင်လို့ ကိုယ့်ဟာကိုယ် ဇွဲ၊ ဝီရိယ ထုတ်ယူရမယ်။ ကျမတို့အနေနဲ့ ဒီနိုင်ငံမှာဖြစ်နေတဲ့ကိစ္စတွေကို ပြည်သူလူထုကို မှန်မှန်ကန်ကန် ပွင့်ပွင့်လင်းလင်းနဲ့ တင်ပြဖို့တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့၊ အထူးသဖြင့် နောက်ဆုံး ရခိုင်ပြည်နယ်ခရီးစဉ်မှာ ပြဿနာတွေ တက်ခဲ့တာကို ကျမတို့ ပွင့်ပွင့်လင်းလင်းပဲ တင်ပြပါတယ်။ ဒီလိုတင်ပြရတဲ့သဘောဟာ ပြဿနာတွေကို ကြီးသထက်ကြီးသွားအောင် မဟုတ်ပါဘူး။

> “ဒါပေမယ့် တချို့ပြဿနာတွေက
> မားမားမတ်မတ်ရပ်ပြီးတော့ မရင်ဆိုင်လို့ရှိရင်
> ပိုပြီးကြီးမားလာတတ်တယ်ဆိုတာ
> အများသိကြပါလိမ့်မယ်။ ဒါ့ကြောင့် ကျမတို့ဟာ
> တချို့ပြဿနာတွေကို ရင်ဆိုင်တဲ့အခါမှာ
> ထိပ်တိုက်လို့ပဲ ပြောပြော၊ ဘယ်လိုပဲပြောပြော
> မားမားမတ်မတ်နဲ့ ရင်ဆိုင်ရပါလိမ့်မယ်။
> ဒါက တာဝန်အရပါ။”

ကျမ စောစောကပြောတဲ့အတိုင်းပဲ ပြည်သူလူထုဟာ ဒီနိုင်ငံမှာဖြစ်နေတဲ့အခြေအနေတွေကို မှန်မှန်ကန်ကန် သိပိုင်ခွင့်ရှိတယ်။ ကျမတို့ဟာ ပြည်သူကို လေးစားတယ်ဆိုလို့ရှိရင် အသိပေးသင့်တဲ့ကိစ္စတွေကို အသိပေးရမယ်။ ဒါကြောင့် ဘယ်တုန်းကမှ လျှို့ဝှက်နားလည်မှုတွေ မယူခဲ့ဘူးလို့ ကျမ အတန်တန်ပြောခဲ့တာဖြစ်ပါတယ်။ လျှို့ဝှက်နားလည်မှု ယူတယ်ဆိုတာဟာ ပြည်သူလူထုကို စော်ကားရာရောက်ပါတယ်။ ဒါကြောင့် ကျမတို့ကို အကြိမ်ကြိမ် အခါခါမေးနေတဲ့ပုဂ္ဂိုလ်များကို ဆွေးနွေးပွဲများ မစသေးပါဘူးဆိုတာ ထပ်ပြီးပြောပါရစေ။ တကယ်စစ်မှန်တဲ့ ဆွေးနွေးပွဲများ စပြီဆိုလို့ရှိရင် ပြည်သူတွေအားလုံးကို အသိပေးရမှာပါ။ ဒီလိုအသိပေးမှသာလျှင် စစ်မှန်တဲ့ ဆွေးနွေးပွဲလို့ ကျမတို့အနေနဲ့ အသိအမှတ်ပြုနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျမတို့ဟာ ဒီလိုဆွေးနွေးပွဲတွေ မစသေးလို့ ဘယ်လိုမှ စိတ်ပျက်ခြင်း မရှိပါဘူး။

ပြည်သူလူထုအတွက်တော့ ကျမစိုးရိမ်မှုရှိပါတယ်။ ခဏခဏ ကျမတို့ပြောသလိုပဲ အပြောင်းအလဲများ နှောင့်နှေးလေလေ၊ ပြည်သူလူထု နာလေလေပဲ။ ဒီလိုစိုးရိမ်ပူပင်မှုတွေရှိပေမယ့်လဲ စိတ်ပျက်တယ်ဆိုတာတော့ လုံးလုံးမရှိပါဘူး။ ကိုယ်လိုချင်တဲ့လမ်းကို ရောက်အောင်လို့ ကိုယ်သွားရမယ်။ ကျမတို့က ခရီးကြမ်းတွေ ခဏခဏနှင်ခဲ့ပြီဆိုတော့ ဘယ်လိုပဲ ခရီးက ကြမ်းကြမ်း၊ ဆန္ဒရှိရင်တော့ရောက်တာပဲဆိုတာ ကောင်းကောင်းသိပါတယ်။

အခု ပရိတ်သတ်ထဲမှာဆိုလို့ရှိရင် ကျမတို့ အင်မတန်ကြမ်းတမ်းတဲ့ခရီးတွေ သွားတဲ့အခါမှာ အတူပါလာတဲ့ တိုင်းရင်းသားတွေကိုလည်း တွေ့ရလို့ ကျမ အများကြီးဝမ်းသာပါတယ်။ အဲဒါကတော့ ကျမတို့နိုင်ငံအတွက် အင်မတန်ကောင်းတဲ့ လက္ခဏာပါပဲ။ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မှာ တိုင်းရင်းသားလူမျိုးစုတွေက ကျမတို့ကို နွေးနွေးထွေးထွေးနဲ့ အင်မတန်မှ သန့်စင်တဲ့စေတနာနဲ့ ကြိုဆိုထောက်ခံတာဟာ ကျမတို့ပြည်ထောင်စုအတွက် အင်မတန်ကောင်းတဲ့အလားအလာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလွတ်လပ်ရေးနေ့အခါသမယမှာ ကျမတို့ရဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကို ကျေးဇူးတင်စကားပြောချင်ပါတယ်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးရဲ့ ကူညီပံ့ပိုးမှုနဲ့မှသာပင်လျှင် ကျမတို့လိုချင်တဲ့ပန်းတိုင်ကို ရောက်မှာပါ။ ဒီလို ကျမတို့လိုချင်တဲ့ပန်းတိုင်ကို ရောက်သွားတဲ့အခါကျလို့ရှိရင် အတူလက်တွဲလာတဲ့သူတွေကို ဘယ်တော့မှ ကျမတို့ကနေပြီးတော့ ပစ်ပယ်မှာလဲ မဟုတ်ပါဘူး။ ချန်ခဲ့မှာလဲ မဟုတ်ပါဘူး။

တချို့တိုင်းရင်းသားလူမျိုးစုများဟာ စိတ်ပူပင်မှုရှိပါတယ်။ (ဒီမိုကရေစီ)ပြည်ထောင်စုကြီးဖြစ်လာတဲ့အခါမှာ မိမိတို့ရဲ့အခန်းကဏ္ဍဟာ ဘယ်လိုရှိမလဲဆိုတာကို ပူပင်မှုရှိပါတယ်။ (စောစောကဆိုသွားတဲ့) ကျမတို့ရဲ့ လွတ်လပ်ရေးအဓိဋ္ဌာန်စာသားတွေကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် ပူပင်စရာအကြောင်း မရှိပါဘူး။ မှန်ကန်တဲ့ လွတ်လပ်ရေးစိတ်ဓာတ်၊ မှန်ကန်တဲ့ ဒီမိုကရေစီစိတ်ဓာတ်နဲ့ လုပ်မယ်ဆိုလို့ရှိရင် ဘယ်သူ့အတွက်မှ စိုးရိမ်ပူပန်စရာအကြောင်း မရှိပါဘူး။ ခုချိန်မှာ ဒီမိုကရေစီကို မလိုလားတဲ့သူတွေ၊ ဒီမိုကရေစီကို ဆန့်ကျင်တဲ့လူတွေအတွက်တောင်မှ စိုးရိမ်ပူပန်စရာအကြောင်း ဘာမှမရှိပါဘူး။ ကျမတို့ထူထောင်ချင်တဲ့ ပြည်ထောင်စုနိုင်ငံဟာ ဒီနိုင်ငံမှာနေတဲ့ လူတွေအားလုံးကို လုံခြုံမှုပေးနိုင်မယ့်နိုင်ငံဖြစ်ပါတယ်။ ဘယ်သူဘယ်ဝါ မပါရလို့ ကျမတို့ ဘယ်တော့မှမပြောပါဘူး။ ဘယ်သူဘယ်ဝါမပါ၊ ဒီလူဒီလူတွေကိုပဲ လုံခြုံမှုပေးမယ်ဆိုရင်တော့ ဒါ စစ်မှန်တဲ့ဒီမိုကရေစီပြည်ထောင်စုလို့ မဆိုနိုင်ပါဘူး။ ဒါ့ကြောင့် ကျမတို့အနေနဲ့ ဘယ်သူ့ကိုမှ အာဃာတထားလို့ ဒီအလုပ်ကို လုပ်နေတာ မဟုတ်ပါဘူး။ ပြောသင့်ပြောထိုက်တာတော့ ပြောမှာပဲ။ ကျမတို့အနေနဲ့ မဖြစ်သင့် မဖြစ်ထိုက်တာတွေဖြစ်နေတာကို မြင်လို့ရှိရင် မြင်တဲ့အတိုင်း ပြောမှာပဲ။ ဒီလို မြင်တဲ့အတိုင်း ပြောတယ်ဆိုတာဟာ ရန်လိုတဲ့စိတ်ဓာတ်နဲ့ မဟုတ်ပါဘူး။ ပြဿနာကို ရင်ဆိုင်ရဲတဲ့ စိတ်ဓာတ်နဲ့ ပြောတာပါ။ ကျမတို့ကို ထိပ်တိုက်ရင်ဆိုင်မှုဘက်ကို အားသန်တယ်လို့ ပြောတဲ့လူတွေကိုတော့ ကျမ အဖြေပေးချင်ပါတယ်။ ကျမတို့က ပြဿနာတွေကိုတော့ ထိပ်တိုက်ပြီးတော့ ရင်ဆိုင်မှာပဲ။ ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့ကိုမှ ထိပ်တိုက်ရင်ဆိုင်ချင်တဲ့ ဆန္ဒမရှိပါဘူး။ ပြဿနာတွေကို ထိပ်တိုက်မရင်ဆိုင်လို့တော့ ဒီပြဿနာတွေကို ဘယ်လိုမှဖြေရှင်းလို့ မရပါဘူး။ ထိပ်တိုက်ရင်ဆိုင်တယ်ဆိုတာကလဲ အဓိပ္ပာယ်အမျိုးမျိုးရှိပါတယ်။ ဖြေရှင်းချင်တဲ့စိတ်နဲ့ ရင်ဆိုင်တာနဲ့၊ ပြဿနာတွေကို ပိုပြီးဆိုးဝါးစေချင်တဲ့စိတ်နဲ့ ရင်ဆိုင်တာရယ်။ ကျမတို့ ဘယ်တုန်းကမှ ပြဿနာကို ပိုပြီးတော့ ဆိုးဝါးစေချင်တဲ့စိတ်နဲ့ ရင်ဆိုင်ခဲ့တာ မရှိပါဘူး။ ဒါပေမယ့် တချို့ပြဿနာတွေက မားမားမတ်မတ်ရပ်ပြီးတော့ မရင်ဆိုင်လို့ရှိရင် ပိုပြီးကြီးမားလာတတ်တယ်ဆိုတာ အများသိကြပါလိမ့်မယ်။ ဒါ့ကြောင့် ကျမတို့ဟာ တချို့ပြဿနာတွေကို ရင်ဆိုင်တဲ့အခါမှာ



ထိပ်တိုက်လို့ပဲ ပြောပြော၊ ဘယ်လိုပဲပြောပြော မားမားမတ်မတ်နဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ ဒါက တာဝန်အရပါ။ ဒီပြဿနာတွေကို ဖြေရှင်းဖို့ဟာ အဓိကပဲ။ ပြဿနာရှိတယ်လို့ လက်ညှိုးထိုးပြတာဟာ ဘယ်သူ့ကိုမှ စွပ်စွဲချင်လို့ မဟုတ်ပါဘူး။ ပြဿနာဟာ ဖြေရှင်းဖို့လိုတယ်ဆိုတာ အများသိအောင်လို့ ကျမတို့ လက်ညှိုးထိုးပြရတာဖြစ်ပါတယ်။

ဒီတော့ ခပ်တိုတိုနဲ့ ရှင်းရှင်းပြောရမယ်ဆိုလို့ရှိရင် ရခိုင်ပြည်နယ်မှာဖြစ်ခဲ့တဲ့ကိစ္စတွေကြောင့်မို့လို့ ကျမတို့ဟာ ပြန်လည်ပြီးတော့ သင့်မြတ်ချင်တဲ့စိတ်ဓာတ်တွေ၊ ဆွေးနွေးချင်တဲ့စိတ်ဓာတ်တွေ၊ တနိုင်ငံလုံးမှာ အားလုံးသွေးစည်းစေချင်တဲ့ စိတ်ဓာတ်တွေ နည်းနည်းလေးမှ မလျော့သွားပါဘူး။ ဘယ်ပုဂ္ဂိုလ်ကိုမှလည်း ပုဂ္ဂိုလ်ရေးအရ ကျမတို့ အာဃာတ မထားပါဘူး။ ဒီပြဿနာတွေကို ဖြေရှင်းဖို့ဟာ အရေးကြီးဆုံးပါပဲ။ ကျမတို့အနေနဲ့ နိုင်ငံတော် အေးချမ်းသာယာရေးအဖွဲ့နဲ့ပဲဖြစ်စေ၊ တပ်မတော်နဲ့ပဲဖြစ်စေ၊ ဘယ်အဖွဲ့အစည်းနဲ့ပဲဖြစ်စေ လက်တွဲဖို့ရာ လုံးလုံးဝန်မလေးပါဘူး။ နိုင်ငံအတွက်ဆိုရင် ဘယ်သူနဲ့မဆို ကျမတို့ လက်တွဲနိုင်ပါတယ်။ ကျမတို့ ခရီးတလျှောက်မှာဆိုလို့ရှိရင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့က အင်မတန်မှ ပြဿနာတွေရှာခဲ့ပါတယ်။ ဒီလိုရှာတာဟာလည်း ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ထဲက ပုဂ္ဂိုလ်တွေအားလုံးက ဆိုးလို့၊ နိုင်ငံတော်အပေါ်မှာ စေတနာမရှိလို့ လို့ ကျမတို့ ဒီလိုမသတ်မှတ်ပါဘူး။ ဒါ တဦးတယောက်၊ ဒါမှမဟုတ် တချို့တလေက မမှန်ကန်တဲ့ မူဝါဒတွေချထားလို့ ဒီလိုဖြစ်ရတယ်လို့ ကျမတို့ ထင်ပါတယ်။

ရှေ့အပတ်ဆက်ရန် ❍

# အီရတ်လက်နက်စစ်ဆေးမှုများ

"ကျနော်တို့ နောက်ထပ် အချိန်လိုအပ်တယ်။"
(အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင် အေဂျင်စီ-IAEA)



**အနုမြူစွမ်းအင် အေဂျင်စီအကြီးအကဲ မိုဟာမက် အယ်လ်ဘာရာဒေး**

ဇန်နဝါရီ၊ (၈)ရက်
(The Nation)

ကုလသမဂ္ဂစစ်ဆေးရေးမှူးများအနေဖြင့် အီရတ်တွင် ၎င်းတို့၏လုပ်ငန်းများအား ပြီးမြောက်ရန် လအနည်းငယ်ကြာ လိုအပ်နေဦးမည်ဟု အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင် အေဂျင်စီအကြီးအကဲ မိုဟာမက် အယ်လ်ဘာရာဒေးက ယမန်နေ့က ပြောကြားခဲ့သည်။ "နိဂုံးချုပ်ရောက်ဖို့ အလွန်စောပါသေးတယ်"ဟုလည်း ထပ်လောင်းပြောဆိုခဲ့သည်။

"ကျနော်တို့အနေနဲ့ အဲဒီ နိဂုံးချုပ်မရောက်နိုင်သေးမီ လအနည်းငယ်ကြာ လိုနေဆဲလို့ ထင်ပါတယ်"ဟု သူက (ABC) ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။ စစ်ဆေးရေးမှူးတွေဟာ အခုထိတော့"မီးခိုးသေနတ်တွေကို မတွေ့သေးဘူး။ ဒါပေမဲ့ အီရတ်ဟာ ရှင်းရှင်းလင်းလင်းရှိတယ်ဆိုတာ နိဂုံးမချုပ်ရသေးမီ ကျနော်တို့အနေနဲ့ လုပ်စရာတွေ အများကြီးရှိနေဦးမှာဖြစ်ပါတယ်"ဟု ယမန်နေ့က (CNN)နှင့် နောက်ထပ် အင်တာဗျူးတခုတွင် အယ်လ်ဘာရာဒေးက မှတ်ချက်ချခဲ့သည်။

ဇန်နဝါရီ (၂၇)ရက်နေ့မှာ "ကျနော်တို့ လက်နက်စစ်ဆေးမှုတွေ ဘယ်အခြေအနေရောက်နေပြီလည်းဆိုတာကို ပြတဲ့အဆင့်အတန်းပြ အစီရင်ခံစာ (Status Report) တင်ရပါမယ်။ ဒါပေမဲ့ ဒါဟာ အစီရင်ခံစာအပြည့်အစုံ ဒါမှမဟုတ် နောက်ဆုံးအစီရင်ခံစာ မဟုတ်ပါဘူး"ဟု သူက ပြောခဲ့သည်။ "အခုတော့ ကျနော်တို့ကို အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအနေနဲ့ စိတ်ရှည်သည်းခံပေးပါဆိုတာကိုပဲ ရက်သတ္တပတ်ပေါင်းများစွာ ပြောနေရအုံးမှာပါပဲ"ဟု အယ်လ်ဘာရာဒေးက (ABC)သို့ ပြောကြားခဲ့သည်။ "စစ်ဆေးမှုက အချိန်ယူရတယ်"၊ "တကယ်လို့ ဒီစစ်ဆေးမှုတွေကနေ အီရတ်ကို လက်နက်ဖြုတ်နိုင်ပြီး စစ်ပွဲကို ရှောင်ရှားနိုင်မယ်ဆိုရင် ဒါဟာ လူတိုင်းအတွက် အကျိုးရှိစေလိမ့်မယ်လို့ ကျနော်ထင်ပါတယ်"ဟု သူက ပြောကြားခဲ့သည်။

ကုလသမဂ္ဂစစ်ဆေးသူတွေ အနေနဲ့ သူတို့ရဲ့ စုံစမ်းစစ်ဆေးမှုတွေကို အကူအညီပေးဖို့ ဝါရှင်တန်ကနေ နောက်ထပ် သီးသန့်ထောက်လှမ်းရေးတွေ လိုအပ်တယ်ဟု အယ်လ်ဘာရာဒေးက ထပ်လောင်းပြောကြားခဲ့သည်။

သမတဂျော့ဒဗလျူဘုရှ် ရဲ့ အုပ်ချုပ်ရေးအဖွဲ့ကတော့ "သတင်းတွေ မျှဝေပေးနေပါတယ်။ ဒါပေမဲ့ ကျနော်တို့အနေနဲ့ နောက်ထပ် သတင်းအချက်အလက်တွေ လိုအပ်တယ်လို့ ကျနော်ထင်ပါတယ်" ဟု အယ်လ်ဘာရာဒေးက (ABC)သို့ ပြောကြားခဲ့သည်။

"ကျနော်တို့ ယေဘုယျ သတင်းတွေ ရနေပါတယ်။ ဒါပေမဲ့ အရေးယူဆောင်ရွက်ဖို့ ပိုမိုတိကျတဲ့သတင်းတွေ လိုပါတယ်" ဟု သူက ပြောကြားခဲ့သည်။ "ကျနော်တို့ အုပ်ချုပ်ရေးအဖွဲ့နဲ့ အဆက်အသွယ်ရှိပါတယ်။ နောက်ရက်သတ္တပတ် အနည်းငယ်အတွင်းမှာ အီရတ်က သံသယရှိတဲ့ ဆောင်ရွက်မှုတိုင်းနဲ့ ပတ်သက်ပြီး တခုခုကို အာရုံစူးစိုက်နိုင်စွမ်းရှိဖို့ သတင်းအမြောက်အမြား ရရှိနေလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု သူက ထပ်မံပြောကြားခဲ့သည်။

ဘုရှ်အနေဖြင့် လိုအပ်ပါက အင်အားသုံးပြီး အီရတ်အား လက်နက်ဖြုတ်ရန် ဆန္ဒရှိသူများ ညွန့်ပေါင်းအဖွဲ့အား ဦးဆောင်ရန် သံန္နိဋ္ဌာန်ချပြီး ဖြစ်သည်။



**အီရတ်သမတ ဆက်ဒမ်ဟူစိန်**

ဒီဇင်ဘာလ(၈)ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်(၁၄၄၁)မှုအရ လူအမြောက်အမြား သေကြေပျက်ဆီးနိုင်သည့် လက်နက်များ မရှိကြောင်း ဘဂ္ဂဒက်မှ အတည်ပြုပြောဆိုချက် ဖြစ်သည့် စာမျက်နှာ (၁၁၈၀၇) ပါသည့် စာတွဲအား ကုလသမဂ္ဂစစ်ဆေးရေးအဖွဲ့အား လွှဲပြောင်းပေးအပ်ခဲ့သည်။

အီရတ်ကြေညာချက်၏ အဓိကအပိုင်းတွင် အီရတ်၏ ဓါတုဗေဒနှင့် ဇီဝဗေဒလက်နက်များ ဆောင်ရွက်မှုအကြောင်းနှင့် ကီလိုမီတာ(၁၅၀) အကွာအဝေးထက်ကျော်လွန်ပစ်ခတ်နိုင်သော တိုက်ချင်းပစ်ဒုံးပျံများအကြောင်းပါဝင်သည်၊ အီရတ်နျူကလီးယား စီမံကိန်းနှင့် ပတ်သက်သည့် နောက်ထပ် စာမျက်နှာ(၂၁၀၀) အား ဗီယင်နာရှိ အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီ၌ လေ့လာပြီးဖြစ်သည်။

❖ ❖ ❖

# စစ်ပွဲအတွက် အဆင်သင့်ဖြစ်နေဟု ဆက်ဒမ်ပြောကြား

ဇန်နဝါရီ၊ (၇)ရက် (The Nation)

ဆက်ဒမ်ဟူစိန်က သူ့နိုင်ငံသည် စစ်ပွဲအတွက် အဆင်သင့်ဖြစ်နေကြောင်း ယမန်နေ့က ကြေညာခဲ့ပြီး ကုလသမဂ္ဂ လက်နက်စစ်ဆေးသူများအား သူလျှိုလုပ်နေသည်ဟု စွပ်စွဲသည့် ပထမဆုံးအကြိမ် လူသိရှင်ကြားဝေဖန်ချက်ကို ထုတ်ပြန်ခဲ့သည်၊

(၂၅)မိနစ်ကြာ ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် သူ၏ တပ်မတော်နေ့သဝဏ်လွှာတွင် အီရတ်ကို လက်နက်ဖြုတ်ရန် အမေရိကန်၏ ခြိမ်းခြောက်မှုအား အမေရိကန်၏ ပြည်တွင်းရေးနှင့် နိုင်ငံခြားရေးကိစ္စများ မအောင်မြင်မှုကို အာရုံလွှဲဖယ်ရန်အတွက်နှင့် ပါလက်စတိုင်းနယ်မြေများအား အစ္စရေးတို့၏ သိမ်းပိုက်မှုများကို အာရုံလွှဲဖယ်ရန်တို့အတွက် ပွက်လောရိုက်အောင် လုပ်ခြင်း၊ ရုတ်ရုတ်သဲသဲဖြစ်အောင်လုပ်ခြင်းနှင့် စိတ်ကစဉ့်ကလျားဖြစ်အောင် လုပ်ခြင်းများအဖြစ် ပယ်ချခဲ့သည်။

"ကျနော်တို့အနေနဲ့ တိုင်းပြည်ရဲ့ တောင်ပိုင်းနဲ့ မြောက်ပိုင်းမှာ အဆက်မပြတ်ကျူးကျော်မှုတွေခံနေရတာနဲ့အတူ ခွေးဟောင်တာရော၊ မြွေတွန်တာတွေပါ စောင့်ကြည့်နေရတော့ ဘယ်သူ့ဆောင်ရွက်ချက်တွေက ဖုတ်ပူမီးတိုက် မဖြစ်ဘူး၊ ဒါမှမဟုတ် ခေါင်းရှုပ်စရာ မဟုတ်ဘူးဆိုတာကို အာမခံသူတွေရဲ့ ယုံကြည်မှုနဲ့ပဲ ဆောင်ရွက်နေရတယ်"ဟု သူက ပြောခဲ့သည်။

"ဒီမှာတော့ အစစအရာရာ ကျနော်တို့ ပြင်ပြီးပြီ၊ ဒါပေမယ့် ဘဂ္ဂဒက်နဲ့ဖြစ်မယ့် စစ်ပွဲကတော့ မြေကြီးလက်ခတ်မလွဲ ဖြစ်မယ်ဆိုတာနဲ့တော့ ဝေးပါသေးတယ်။ မျက်မှောက်နိုင်ငံတကာရေးရာမှာ ပြောဆိုရေးသားနေသူတွေ ပြောသလောက်တော့ ဖြစ်နိုင်ချေမရှိသေးပါဘူး"ဟု အီရတ်အပေါ် စစ်ဆင်ရေးနှင့်ပတ်သက်ပြီး ဝါရှင်တန်၏ အခိုင်မာဆုံး မဟာမိတ်ဖြစ်သူ ဗြိတိန်မှ ပြောကြားခဲ့သည်။

"စစ်ပွဲနဲ့ပတ်သက်လို့ သတင်းစာတွေထဲ မှာ စကားတွေအများကြီး ပြောပြီးပြီ။ စစ်ပွဲဖြစ်ပွားဖို့ အခွင့်အလမ်း ရာနှုန်းပြည့်ရှိတယ်ဆိုတဲ့ အကြံပြုချက်တွေ၊ အဲဒီ ထင်မြင်ချက်တွေကို ကြိုးစားပြင်ဆင်ဖို့ အရေးကြီးတယ်ဆိုတဲ့ အကြံပြုချက်တွေကိုလည်း ပေးပြီးပါပြီ"ဟု ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက ဘီဘီစီရေဒီယိုသို့ ပြောကြားခဲ့သည်။

"အဲဒီစစ်ပွဲဟာ ရှောင်လွှဲလို့ မရဘူးဆိုတာ မဟုတ်ပါဘူး။ ဒါကို ပြည်သူလူထု နားလည်ထားဖို့ အရေးကြီးပါတယ်။"

ပင်လယ်ကွေ့ပဋိပက္ခ၏ အလားအလာများသည် ကမ္ဘာ့ဈေးကွက်ကို ခြေမကိုင်မိ လက်မကိုင်မိ ဆက်လက်ဖြစ်ပွားစေခဲ့သည်။ လုံခြုံစိတ်ချရသည့် ရွှေအာမခံထားရှိမှုသည်လည်း ခြောက်နှစ်အတွင်း အမြင့်ဆုံးအဆင့်ထိရောက်ခဲ့သည်။ ရေနံဈေး ထိပ်ပိုင်းတွင် တဝဲဝဲတလည်လည်ဖြစ်နေသည်မှာ (၂)နှစ်ရှိနေပြီး ဒေါ်လာဈေးလည်း ထိုးကျသွားသည်။ ပင်လယ်ကွေ့တွင် အမေရိကန်စစ်သားသောင်းကျော် စုစည်းနေပြီး နှစ်ဘက်စလုံးမှ ဖြစ်နိုင်ဖွယ်ရှိသည့် ထိပ်တိုက်တွေ့ရေးအတွက် ကတုပ်ကျင်းများ တူးနေခဲ့ကြစဉ်မှာပင် ကုလသမဂ္ဂ စစ်ဆေးသူများသည် နျူကလီးယားလက်နက်များ၊ ဇီဝလက်နက်များ သို့မဟုတ် ဓာတုလက်နက်များ မရှိကြောင်း အီရတ်၏ကြေညာချက်ကို အတည်ပြုစစ်ဆေးရန် ယမန်နေ့က နောက်ထပ်တကြိမ် ဖြန့်ထွက်သွားကြပြန်သည်။

မှတ်တမ်းတင်ထားသော နေရာ (၁၆) နေရာသို့ ရှာဖွေစစ်ဆေးပြီး နောက်တနေ့တွင် (VX)ဓာတ်ငွေ့နှင့် ဆက်စပ်သည်ဟု ထင်မြင်ယူဆထားသည့် ပိုးသတ်ဆေးစက်ရုံတရုံနှင့် အီရတ်၏ အဓိက နျူကလီယား အစီအစဉ်များရှိသည့် အဆောက်အဦးနေရာအပါအဝင် နေရာ (၄)နေရာသို့ သွားရောက်ခဲ့သည်။

အီရတ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း တချို့အရာရှိများမှ ရန်လို၍ အနှောင့်အယှက်ဖြစ်စေသော နည်းလမ်းများအတွက် စစ်ဆေးသူများအား ပြစ်တင်မောင်းမဲကြသည်။

ဆက်ဒမ်ဟူစိန်သည် ၁၉၂၁ ခုနှစ်က ၎င်းတို့ တည်ထောင်သည့် တပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနား၌ မိန့်ခွန်းပြောကြားစဉ်တွင် ကုလသမဂ္ဂစစ်ဆေးရေးအဖွဲ့အား လူသိရှင်ကြားဝေဖန်ချက်ကို ထုတ်ပြန်ခဲ့သည်။

"အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်တဲ့ လက်နက်တွေ ရှာဖွေတာထက် အီရတ်က သိပ္ပံပညာရှင် စာရင်းတွေကို စုတာ၊ အလုပ်သမားတွေကို လမ်းလွဲစေမယ့် မေးခွန်းတွေ မေးတာတွေနဲ့ တရားဝင်စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ စုဆောင်းတာတွေကိုပဲ စစ်ဆေးသူတွေကလုပ်ခဲ့တာ။ ဒီလုပ်ရပ်အများစုဟာ တကယ့်ထောက်လှမ်းရေးသမားတွေရဲ့ လုပ်ငန်းတွေပဲ"ဟု သူက ပြောကြားခဲ့သည်။

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးချုပ် ဟန်းစ်ဘလစ်နှင့် အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူး မိုဟာမက် အယ်လ်ဘာရာဒေးတို့အနေဖြင့် လုံခြုံရေးကောင်စီသို့ စစ်ဆေးရေးနှင့် ပတ်သက်သည့် ကြားဖြတ်အစီရင်ခံစာအား ကြာသပတေးနေ့တွင် တင်သွင်းရန်နှင့် အစီရင်ခံစာအပြည့်အစုံကို ဇန်နဝါရီလ(၂၇) ရက်နေ့တွင် နောက်ဆုံးတင်သွင်းရန် စီစဉ်ထားသည်။

အီရတ်မှ လက်နက်များကို ဖုံးကွယ်ထားသည်ဆိုသည့် အမှတ်သင်္ကေတတိုင်းက တိုင်းပြည်အား လက်နက်ဖြုတ်ရန်နှင့် သူတို့၏ ခေါင်းဆောင်အား ဖယ်ရှားပစ်ရန်တို့အတွက် အမေရိကန်ဦးဆောင်သော စစ်ပွဲတရပ်ကို မောင်းဖြုတ်ပေးနိုင်စေလိမ့်မည် ဖြစ်သည်။

အမေရိကန်စစ်သား ပထမအုပ်စုသည် အီရတ်ပြည်ပြေး(၃၀၀၀)အထိ စစ်ရေးလေ့ကျင့်နိုင်သော လေ့ကျင့်ရေးစခန်း ပြင်ဆင်ရန် တပ်စ်ဇာလေတပ်အခြေစိုက်စခန်းသို့ ရောက်နေပြီဟု ဟန်ဂေရီ ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ စစ်ပွဲကာလအတွင်း ၎င်းတို့သည် စကားပြန်များနှင့် လမ်းပြများအဖြစ် ဆောင်ရွက်ပြီး၊ ဆက်ဒမ်အား ဖယ်ရှားပြီးပါက အုပ်ချုပ်ရေးလုပ်ငန်းများတွင် အမှုထမ်းကြမည်ဖြစ်သည်။ ❖



**တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌**
**ဘဂ္ဂဒက်ရှိ အညတရစစ်သည်များ ဂူဗိမ္ဗာန်ရှေ့တွင် အီရတ်စစ်သားများ ချီတက်နေကြစဉ်**

# ရောဝတီမဂ္ဂဇင်းနှင့်ထိုင်းလူမှုဝေဖန်ရေးပညာရှင်ဆူလပ်စီဝါရပ်ဆာ တွေ့ဆုံမေးမြန်းခန်းမှ ကောက်နှုတ်ဖော်ပြချက်



**ဆူလပ်စီဝါရပ်ဆာ**
(Sulak Sivaraksa)

ဆူလပ်စီဝါရပ်ဆာသည် ထင်ရှားသည့် ထိုင်းနိုင်ငံသား လူမှုဝေဖန်ရေးသမား ပညာတတ်တယောက်ဖြစ်သည်။ သူ့အခေါ်အရ လူမှုရေးနှင့်ဆက်စပ်နေသည့် ဗုဒ္ဓဝါဒကို ရှေ့ဆောင်လမ်းပြသူလည်းဖြစ်သည်။ သူ၏ အယူအဆကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေခဲ့ ပြီးဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် သူသည် ဖြောင့်မတ်သည့် အသက်မွေးဝမ်းကျောင်းဆု (Right Livelihood Award)ကို ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသည်။ ဤဆုသည် ငြိမ်းချမ်းရေး နိုဘယ်ဆုတမျိုးဟုလည်း လူသိများသည်။ အောက်ပါဖော်ပြချက်တချို့မှာ ဗမာပြည်ရင်ဆိုင်နေရသည့် စိန်ခေါ်မှု၊ ထိုင်းနိုင်ငံနှင့် ဗုဒ္ဓဝါဒ၊ အကြမ်းဖက်ဝါဒဆန့်ကျင်ရေးစစ်ပွဲနှင့် အမေရိကန်၏အခန်းကဏ္ဍစသည်တို့နှင့် ပတ်သက်ပြီး ရောဝတီမဂ္ဂဇင်းကို သူပြောပြခဲ့သည့်အထဲမှ ကောက်နှုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

မေး – ထိုင်းနိုင်ငံမှာရှိတဲ့ ဗမာပြည်သူတွေအပေါ် ထိုင်းအစိုးရရဲ့ဆက်ဆံပုံတွေလိုပဲ စစ်အစိုးရလက်အောက်မှာရှိနေတဲ့ ဗမာပြည်သူတွေရဲ့ ဒုက္ခခံစားရမှုတွေနဲ့ ပတ်သက်ပြီး ခင်ဗျားရဲ့အမြင်ကို ပြောပြနိုင်ပါမလား။

ဖြေ–သိပ်ပြောနိုင်တာပေါ့။ ထိုင်းအစိုးရကို ကျနော် အရမ်းမေးချင်တယ်။ ဘာပြုလို့လဲဆိုတော့ ဗမာပြည်က စစ်အုပ်စုနဲ့ပူးပေါင်းပြီး ထိုင်းအစိုးရက သူတို့ရဲ့ဝိညာဉ်ကို ရောင်းစားလိုက်တယ်။ သူတို့ဟာ စီးပွားရေး အကျိုးအမြတ်ကိုပဲ လိုချင်ကြတယ်။ ဒါကြောက်စရာပဲလို့ ကျနော်ထင်တယ်။ ထိုင်းအစိုးရဟာ ဗမာအစိုးရကို မမုန်းသင့်ဘူး။ သူတို့နဲ့ မိတ်ဆွေဖြစ်သင့်တယ်။ ဒါပေမယ့် သူတို့ဟာ အာဏာရှင်တွေဖြစ်တယ်။ သူတို့ ပြည်သူကို ဖိနှိပ်နေတယ်ဆိုတာကိုလည်း အသိအမှတ်ပြုသင့်တယ်။

ထိုင်းဝန်ကြီးချုပ် တပ်စင်ရှီနာဝါထရာဟာ မလေးရှားဝန်ကြီးချုပ် မဟာသီယာကို ဘာကြောင့် အရမ်းချီးမွမ်းနေတာလဲလို့ ကျနော်က မေးတယ်။ မဟာသီယာဟာ တကယ့်ကိုကျွမ်းကျင်လိမ္မာတယ်။ အာဏာရှင်အမျိုးအစားတမျိုးဖြစ်လာပြီး ဒါကို လုပ်ဖို့ ဒီမိုကရေစီပုံစံတခုကို အသုံးချခဲ့တယ်။ တကယ်လို့ ထိုင်းခေါင်းဆောင်တွေဟာ မဟာသီယာရဲ့ စံနမူနာကို လိုက်မယ်ဆိုရင်တော့ ထိုင်းနိုင်ငံနဲ့ ထိုင်းအစိုးရဟာ အရင်ကလုပ်ခဲ့သလိုပဲ ဆိုးဆိုးဝါးဝါးဖြစ်လာလိမ့်မယ်။ ဒါမှမဟုတ် ပိုပြီးတော့တောင် ဆိုးလာလိမ့်မယ်။

တကယ်လို့ ကျနော်တို့အနေနဲ့ ဗမာအစိုးရကို ဆက်ဆံချင်တယ်ဆိုရင်တော့ မိတ်ဆွေအနေနဲ့တော့ ဆက်ဆံနိုင်တယ်။ ဒါပေမယ့် ရင်းရင်းနှီးနှီးတော့ မဖြစ်သင့်ဘူးဆိုတာကို သူတို့ကိုပြောပြရမယ်။ ဥပမာ– လူ့အခွင့်အရေးကိစ္စနဲ့ပတ်သက်ပြီး ကျနော်တို့အနေနဲ့ ပြောဆိုကြမယ်ဆိုရင် မိတ်ဆွေတွေအဖြစ်နဲ့ပဲ ဆန့်ကျင်ကန့်ကွက်ရမယ်၊ တခါတရံ ဥရောပသားတွေက သူတို့ကိုယ်သူတို့ ကိုလိုနီအာဏာရှိနေသလို ဆန့်ကျင်ကန့်ကွက်မှုတွေ လုပ်တယ်လို့ ထင်တယ်။ ဒါကို ဗမာတွေက သဘောမကျဘူး။ မိတ်ဆွေတယောက်အနေနဲ့ ရန်ကုန်က ဒါကိုမကြိုက်ဘူး။ ဒါပေမယ့် နားထောင်ရမယ်။ ပိုပြီးတော့ လေးစားရမယ်။

မေး– အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးစစ်ပွဲအပေါ် ခင်ဗျားရဲ့ အကဲဖြတ်ချက်က ဘယ်လိုပါလဲ ခင်ဗျား။

ဖြေ – အမေရိကန်သမတဟာ ကုမ္ပဏီကြီးတွေနဲ့ လက်နက်ကုန်သည်ကြီးတွေရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေတယ်ဆိုတာကို ခင်ဗျားတို့အနေနဲ့ နားလည်ထားရပါမယ်။ ဒါကြောင့် ဘုရှ်ဟာ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တာပါပဲ၊ မဟာသီယာနဲ့ အတူတူပါပဲ၊ ခင်ဗျားအနေနဲ့ ဒီမိုကရက်တယောက် မဟုတ်တဲ့အခါ ဒီမိုကရက်ယောင်ဆောင်ရတာပါပဲ။ ဒါကြောင့် ခင်ဗျားလုပ်ကိုင်ဖို့ ကြိုးစားသမျှတွေဟာ အကြမ်းဖက်မှုတွေကို ပိုမိုတိုးပွားအောင်ပဲဖြစ်ပါတယ်။ ဘာပြုလို့လည်းဆိုတော့ အကြမ်းဖက်မှုတွေက လက်နက်ကုန်သည်ကြီးတွေကို အထောက်အကူဖြစ်စေလို့ပါပဲ။ အမေရိကန်ဟာ သူတို့ရဲ့ လက်နက်အတွက်သုံးစွဲမှု ဘတ်ဂျက်ကို (၁၇%)ထိ တိုးလိုက်တယ်။ ဒါက လက်နက်ကုန်သည်ကြီးတွေကလွဲလို့ ဘယ်သူ့ကိုမှ အကျိုးမဖြစ်စေပါဘူး။ ဘာပြုလို့လဲဆိုတော့ လက်နက်တွေက သေစေတတ်လို့ပဲဖြစ်ပါတယ်။ ခင်ဗျားတို့အနေနဲ့ ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးကို လိုချင်ရင်တော့ လက်နက်တွေကို နည်းအောင် လုပ်သင့်တယ်။

နောက်ပြီး လွန်ခဲ့တဲ့နှစ် စက်တင်ဘာ (၁၁)ရက် အကြမ်းဖက်တိုက်ခိုက်မှုဟာ တစုံတရာ ကြောက်ဖို့ကောင်းတယ်ဆိုတာကို အမေရိကန်တွေက ပြောတယ်။ မစ္စတာဘုရှ်က မိစ္ဆာဝင်ရိုးတန်းနိုင်ငံတွေကို အပြစ်တင်ခဲ့တယ်။ နောက်ပြီး ဒီမိစ္ဆာတွေကို ဖယ်ရှားရမယ်ဆိုတာကို ပြောတယ်၊ ဒါပေမယ့် သတိရပါ၊ ဗုဒ္ဓဘာသာမှာအဆိုရှိတယ်၊ မကောင်းမှုမိစ္ဆာဆိုတာ မိမိကိုယ်ထဲမှာပဲရှိတယ်။ ဒါကိုပြောင်းစေချင်ရင် မိမိကိုယ်မှာပဲ အရင်ပြောင်းလဲရမယ်။ တခြားပြင်ပမှာ ပြောင်းလို့မရနိုင်ဘူး။

စက်တင်ဘာ (၁၁)ရက် တိုက်ခိုက်မှုက လူ(၃၀၀၀)ကျော်သေခဲ့တယ်။ တကယ် ဝမ်းနည်းစရာပါ။ ဒါပေမယ့် ဗီယက်နမ်စစ်ပွဲကာလက တညထဲ ဗုံးမိုးရွာခဲ့တာက လူ(၁၀၀၀၀၀) (တသိန်း)သေခဲ့တယ်။ အမေရိကန်အများစုက ဒါကိုမသိဘူး။ အမေရိကားက နိုင်ငံလွန်ကော်ပိုရေးရှင်းကြီးတခုဖြစ်တဲ့ ယူနီယံကာဘိုက်က အိန္ဒိယနိုင်ငံ ဘိုပါးလ်မှာ စက်ရုံတရုံရှိတယ်၊ တညတာ မတော်တဆဖြစ်ပွားပြီးတော့ ဘိုပါးလ်မြို့ရဲ့ တဝက်လောက်ဟာ သေကုန်ကြတယ်။ အခုထိ လျော်ကြေးမရဘူး။ ဘာပြုလို့လည်းဆိုတော့ ဒါဟာ အိန္ဒိယကုမ္ပဏီ ဖြစ်တယ်။ အမေရိကန်ကုမ္ပဏီမှာ တာဝန်မရှိဘူးလို့ သူတို့က ကြေညာတယ်။ တကယ်တော့ တရားဥပဒေကြောင်းအရတော့ ခင်ဗျားအနေနဲ့ လွတ်ရိုးထုံးစံရှိတာပေါ့။ ဒါပေမယ့် ကံတရားကတော့ စကြာဝဠာလုံးဆိုင်ရာ ဥပဒေသဖြစ်တယ်။ ဒါကြောင့် ဒါနဲ့တော့ လွတ်ရိုးထုံးစံရှိမှာ မဟုတ်ဘူး။ အတန်အသင့်တော့ ဒီပြစ်ဒဏ်ကို ခံနေရမှာပဲ။

မေး – အမေရိကန်တွေဟာ အပြစ်ဒဏ်ခံနေရတယ်လို့ ခင်ဗျားအနေနဲ့ တကယ်ယုံကြည်ပါသလား။

ဖြေ– အိုး….တကယ်ပေါ့။ ကျနော်တို့အားလုံးဟာ မကောင်းမှုတွေလုပ်ရင် ပြစ်ဒဏ်ခံရမှာပဲပေါ့။ တကယ်လို့ ဒါကို သူတို့သိမြင်လာနိုင်မယ်ဆိုရင် ပိုပြီးအကြမ်းဖက်မှု နည်းလာမယ်။ နှိမ့်ချမှု ရှိလာမယ်။ ဒါပေမယ့် အခုအထိတော့ သူတို့က ငြင်းပယ်တုန်းပဲ။ ကမ္ဘာ့လူဦးရေရဲ့ (၆%)က ကမ္ဘာ့ရင်းမြစ် (၄၀%)၊ ဒါမှမဟုတ်(၅၀%)ကျော်ကို အသုံးပြုနေကြတယ်လို့ သူတို့က စာရင်းပြုကြတယ်။ ဒါက အမေရိကန်က ရီယိုကြေညာချက်ကို လက်မှတ်ထိုးဖို့ ငြင်းပယ်တဲ့အကြောင်းနဲ့ ဂျိုဟန်နက်စ်ဘတ်မှာ ထပ်ပြီးငြင်းပယ်တဲ့ အကြောင်းတွေပဲ။ တကယ်တော့ သူတို့ဟာ ကျိုတိုကြေညာချက်ကို လက်မှတ်ထိုးဖို့ကိုလည်း ငြင်းပယ်ခဲ့တယ်။

မေး – ခင်ဗျားအနေနဲ့ ပရိဒီဖာနိုမြန်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းကို နှိုင်းယှဉ်ကြည့်ဖူးတယ်။ ထိုင်းနိုင်ငံနဲ့ ဗမာပြည်ကကြီးမြတ်တဲ့ နိုင်ငံတော်အကြီးအကဲနှစ်ယောက်နဲ့ ပတ်သက်ပြီး ကျနော်တို့ကို ထပ်ပြီးပြောပြနိုင်မလား ခင်ဗျား။

ဖြေ – ဗိုလ်ချုပ်အောင်ဆန်းက ပြောခဲ့တယ်။ ဗမာပြည်နဲ့ ထိုင်းနိုင်ငံမှာ တူတာတွေ အများကြီးရှိတယ်။ ကျနော်တို့ နှစ်နိုင်ငံစလုံးက လွတ်လပ်မှုကို ချစ်မြတ်နိုးတယ်။ လူမှုတရားမျှတမှုကို ချစ်မြတ်နိုးတယ်။ ဗုဒ္ဓဝါဒ နောက်ခံလည်း တူကြတယ်။ ကျနော်တို့ နှစ်နိုင်ငံအကြားမှာ ဘာသာစကားမတူ။ လူမျိုးကွဲပေမယ့်လည်း ကျနော်တို့တွေဟာ ပူးပေါင်းဆောင် ရွက်နိုင်ကြတယ်။ ပရိဒီမှာလည်း အလားတူ အယူအဆရှိတယ်။ တပ်စင်မှာသာ မစ္စတာပရီဒီနဲ့ အောင်ဆန်းနောက်ကို လိုက်ဖို့ အသိဉာဏ်ရှိတယ်ဆိုရင် မဟာသီယာ ဒါမှမဟုတ် လီကွမ်းယုတို့နောက်ကိုလိုက်တာထက် အများကြီးပိုကောင်းလိမ့်မယ်လို့ ကျနော်ထင်တယ်။ ဒီလူနှစ်ယောက်ကတော့ ကျနော့်အနေနဲ့ အမှားတွေကိုပဲ ဟောတဲ့ ရှေ့ဖြစ်ဟောသမားနှစ်ယောက်လို့ပဲ မြင်တယ်။ သူတို့ဟာ (တပ်စင်နှင့် မဟာသီယာ)ကြောင်သူတော်တွေပဲ။ အောင်ဆန်းနဲ့ ပရိဒီတို့ဟာ တကယ်တော့ အကြွင်းမဲ့ ပြည့်စုံတဲ့သူတွေ မဟုတ်ပါဘူး။ ဒါပေမယ့် တကယ့်ကို ရှေ့ဖြစ်ဟောနိုင်သူတွေပဲဖြစ်တယ်။ သူတို့ဟာ ပြည်သူလူထုအတွက်၊ ငြိမ်းချမ်းရေးအတွက်၊ တရားမျှတမှုအတွက်နဲ့ ဒီမိုကရေစီအတွက်ပဲ လုပ်ခဲ့တဲ့သူတွေဖြစ်တယ်။

❖ ❖ ❖

# နိုင်ငံရေးပါတီများ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ပြု၍ စစ်မှန်သည့်တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးစတင်ရန် အမေရိကန် နှင့် ဗြိတိန်တို့က တိုက်တွန်း

မကြာသေးခင်ရက်များအတွင်း ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ သတင်းစာရှင်းလင်းပွဲအပြီး နိုင်ငံတကာတုံ့ပြန်မှုများ မရှေးမနှောင်းတွင် ပေါ်ထွက်လာခဲ့ရာ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က မြန်မာနိုင်ငံရှိ အတိုက်အခံနိုင်ငံရေးပါတီများ အားလုံးကို လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်များပေးရန် နအဖကို တောင်းဆိုလိုက်ကြကြောင်း သိရသည်။

ဒီဇင်ဘာလ(၃၁)ရက်နေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က မိမိ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့်နောက်ပိုင်း နိုင်ငံရေးလှုပ်ရှားမှုများအား အတားအဆီးမရှိ လုပ်ပိုင်ခွင့်ပြုမည်ဟု နအဖက ကတိပြုထားခဲ့သော်လည်း ယနေ့အချိန်ထိ နှောင့်ယှက်ဟန့်တားမှုများ ရှိနေသေးကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့ရာ ထိုသတင်းစာရှင်းလင်းပွဲအပြီးနှစ်ရက်အကြာ ဇန်နဝါရီ(၂)ရက်နေ့တွင် အမေရိကန်အစိုးရနှင့် ဗြိတိသျှအစိုးရတို့က ယခုလို ကြေညာချက်များ အသီးသီး ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်အစိုးရ၏ ကြေညာချက်နှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာရစ်ချတ်ဘောက်ချာက ပြောကြားခဲ့ရာတွင် မိမိတို့အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးပါတီများကို လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်များပြုရန် စစ်အာဏာပိုင်များကို ထပ်မံတိုက်တွန်းကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအထူးသံ မစ္စတာရာဇာလီက နအဖနှင့် NLD တို့အကြား တွေ့ဆုံဆွေးနွေးပွဲများ ပေါ်ပေါက်လာရန် ကြားဝင်စေ့စပ်ပေးနေသော်လည်း နှောင့်နှေးကြန့်ကြာမှုများ ရှိနေ၍ အမေရိကန်အစိုးရအပါအဝင် အနောက်နိုင်ငံများက စိုးရိမ်မကင်းဖြစ်နေကြကြောင်း၊ ထို့ကြောင့် နအဖ ဗိုလ်ချုပ်ကြီးများအနေဖြင့် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်သော တွေ့ဆုံဆွေးနွေးမှုများ အမြန်ဆုံးစတင်အကောင်အထည်ဖော်ရန် တိုက်တွန်းထားကြောင်း ပြောကြားသွားခဲ့သည်။

ထို့အတူ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ရာ ထိုကြေညာချက်တွင် စစ်အုပ်စုအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အမှန်တကယ်ပြုလုပ်ရန် လိုလားပါက အတိုက်အခံနိုင်ငံရေးပါတီများနှင့် ပြည်သူလူထုကိုပါ ၎င်းတို့၏ နိုင်ငံရေးအမြင်များ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ပြုခြင်းနှင့် ဒီမိုကရေစီစနစ်ကို ပြန်လည်ဖော်ဆောင်နိုင်ရေးအတွက် ထိရောက်သည့်ခြေလှမ်းများ ချမှတ်နိုင်ခွင့်ပြုခြင်းတို့ကို ပေးမှသာလျှင် တိုးတက်လာသည့်လက္ခဏာ ဆောင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်ဟု သိရသည်။ ❖

# နအဖ လွတ်လပ်ရေးနေ့သဝဏ်လွှာ တွေ့ဆုံဆွေးနွေးရေးအရိပ်လက္ခဏာ လုံးဝမပါ

ဇန်နဝါရီ၊ (၄)ရက် (ရန်ကုန်)

နအဖ စစ်အုပ်စုက ကြီးမှူးကျင်းပသည့် (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဝဏ်လွှာတစောင်ပေးပို့ခဲ့သည်။



**ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ**

အဆိုပါသဝဏ်လွှာကို ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဖတ်ကြားသွားခဲ့ရာတွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားအားလုံး စုစည်းထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မျိုးချစ်စိတ်ဓာတ်ကို မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း ထည့်သွင်းဖော်ပြထားပြီး မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍတွင် နအဖက ပထမကာလတို လေးနှစ်စီမံကိန်းနှင့် ဒုတိယကာလတို ငါးနှစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လျာထားချက်များ ကျော်လွန်သည်အထိ အားထုတ်နိုင်ခဲ့ကြောင်း၊ ယခု တတိယကာလတို ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

သို့ရာတွင် အဆိုပါသဝဏ်လွှာ၌ နိုင်ငံ၏ ဒီမိုကရေစီရေးနှင့်ပတ်သက်၍ တစုံတရာ ဖော်ပြထားခြင်းမရှိသည့်အပြင် အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ဆွေးနွေးပွဲ ပြုလုပ်ရန်အခြေအနေကို ဖော်ပြသည့် အရိပ်လက္ခဏာ တလုံးတပါဒမျှ ပါဝင်ခြင်း မရှိကြောင်း သိရသည်။ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ၁၉၉၁ ခုနှစ်၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် မစ္စတာ ဟိုဆေးရာမို့(စ်)ဟော်တာသို့ အိတ်ဖွင့်ပေးစာ

❍ ယခင်လမှအဆက်


မြန်မာနိုင်ငံလုံးဆိုင်ရာရဟန်းပျိုသမဂ္ဂ ဥက္ကဋ္ဌ အရှင်ခေမာစာရ

၁၉၈၈ ခုနှစ်က စတင်ခဲ့တဲ့ မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီကြိုးပမ်းမှုဟာ "ရပ်တန့်နေတယ်"ဆိုတာ မမှန်ပါဘူး။ အစဉ်တစိုက် လှုပ်ရှားရှင်သန်နေတယ်လို့ ဆိုချင်တယ်။ ဒါဆိုရင် ဒီကနေ့အထိ ဘာကြောင့် မရသေးလဲဆိုရင် မေးစရာရှိတယ်။ လက်နက်နဲ့အကြမ်းဖက်နေတဲ့ စစ်အာဏာရှင်ကို အကြမ်းမဖက်တဲ့နည်းတွေနဲ့ ရင်ဆိုင်နေရတယ်။ အလွန်တရာမှ အန္တရာယ်များသလို ခက်လဲ အလွန်ပဲ ခက်ခဲနေလို့ပါပဲ။ တကယ်လို့သာ ပြည်သူလူထုက အင်အားကိုသုံးခဲ့မယ်ဆိုရင် ၁၉၈၈ ခုနှစ် (ရှစ်လေးလုံး) လှုပ်ရှားမှုကာလကတောင် ရနိုင်တဲ့အခြေအနေတွေ ရှိခဲ့တယ်။ အဲဒါ အမှန်တကယ်ပါပဲ။ ဒါပေမယ့် အဲဒီတုန်းက ခေါင်းဆောင်တွေနေရာ ယူထားခဲ့ကြတဲ့ လူကြီးတချို့နဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက အကြမ်းမဖက်ကြဖို့ အစဉ်တစိုက်တိုက်တွန်းနေခဲ့ကြလို့ပါပဲ။ အာဏာမသိမ်းမီ (၇)ရက်အလိုမှာ နိုင်ငံတဝန်းမှ ကိုယ်စားလှယ် (၅၆၀)ခန့် တက်ရောက်တဲ့ တွေ့ဆုံဆွေးနွေးပွဲတခုမှာ "အာဏာသိမ်းဖို့ (၄)ကြိမ်တိတိ စစ်တပ်က ကြိုးပမ်းနေပြီး။ ကဲ .... ဒီတော့ ဘာလုပ်ကြမလဲ၊ ကျနော်တို့ကတော့ လုပ်ဆိုတာကို လုပ်မှာပဲ"ဆိုပြီး ကိုယ်စားလှယ်တွေ တယောက်ပြီးတယောက် တင်ပြခဲ့တယ်။ အဲဒီတင်ပြချက်ကို လူကြီးတွေက ပယ်ဖျက်ခဲ့တယ်။ "ရွေးကောက်ပွဲလုပ်ပေးမှာပဲ။ ရွေးကောက်ပွဲနိုင်အောင်သာ လုပ်ကြပါ"ဆိုပြီး ချွေးသိပ်ခဲ့တယ်။ အဲဒီကာလဟာ ရန်ကုန်မြို့အပါအဝင် တနိုင်ငံလုံးကို ဒီမိုကရေစီအင်အားစုတွေက လွှမ်းမိုးထားနိုင်တဲ့ ကာလဖြစ်တယ်။ နောက်ထပ် ယုံကြည်လောက်စရာတခုက "ရွေးကောက်ပွဲနိုင်ပါတီကို အာဏာလွှဲပေးမှာဖြစ်တယ်။ နိုင်တဲ့ပါတီကပဲ ဒီမိုကရေစီဖော်ဆောင်ကြပါ။ စစ်တပ်ကတော့ စစ်တန်းလျားကိုပြန်မယ်"ဆိုပြီး အာဏာသိမ်းစစ်အုပ်စုခေါင်းဆောင်က ပြောခဲ့တာပါပဲ။ ဟုတ်ပြီ ....၊ ရွေးကောက်ပွဲရောက်တော့ ဒီမိုကရေစီအင်အားစုတွေက (၈၈.၈၃) ရာခိုင်နှုန်းနဲ့ ရွေးကောက်ပွဲ အပြတ်အသတ်နိုင်ခဲ့တာ တကမ္ဘာလုံးအသိပဲ။ ဒါပေမယ့် ဘာရသလဲ။ ဘာမှမရဘူး။ စစ်သားကြီးတွေလဲ

> ❝ ရွေးကောက်ပွဲနိုင်ပါတီကို အာဏာလွှဲပေးမှာ ဖြစ်တယ်။
> နိုင်တဲ့ပါတီကပဲ ဒီမိုကရေစီဖော်ဆောင်ကြပါ။
> စစ်တပ်ကတော့ စစ်တန်းလျားကိုပြန်မယ် ❞

ပေးထားတဲ့ကတိအတိုင်း စစ်တန်းလျားကို တယောက်မှ မပြန်ကြဘူး။ မြန်မာနိုင်ငံအစိုးရဆိုပြီး လုပ်နေကြတာ အားလုံးအသိပဲ။ နိုင်ငံတကာက အဲဒီရွေးကောက်ပွဲနိုင်တာကို ဘယ်လောက် အသိအမှတ်ပြုလဲ။ ဘာလုပ်ပေးနိုင်သလဲ။ ကုလသမဂ္ဂလို အဖွဲ့အစည်းကတောင် ဘယ်လောက်အသိအမှတ်ပြုသလဲ၊ နေရာပေးသလဲ။ ရွေးကောက်ပွဲရှုံးနိမ့်ပြီး လက်နက်နဲ့ အုပ်ချုပ်စိုးမိုးနေသူတွေကို ကုလသမဂ္ဂက ကုလားထိုင် ထိုင်ခွင့်ပေးထားရဆဲ မဟုတ်လား။ ပိုဆိုးရွားတာက အာဆီယံနိုင်ငံတွေပါပဲ။ စီးပွားရေးနောက် လိုက်သွားပြီး "ရွေးကောက်ပွဲရှုံးနိမ့်သွားတဲ့ အာဏာရှင်အစိုးရနဲ့တောင် ပိုပြီးအလုပ်ဖြစ်နေတာတွေ" တွေ့ရတယ်။ လူသားတွေရဲ့တန်ဖိုးတွေကို ဥပေက္ခာပြုပြီး စီးပွားရေးရမှုကြောင့် အာဏာရှင်စစ်အုပ်စုကို အကာအကွယ်ပေးနေတာ ဖုံးကွယ်မရတဲ့ ပြယုဂ်တခုဆိုတာ သိမှာပါ။

ဒါပေမယ့်လို့ ပြည်သူလူထုဟာ ဒါယကာတော် ထင်သလို တွေ့သလို ရပ်တန့်မနေပါဘူး။ ပြည်တွင်းမှာရော ပြည်ပမှာပါ၊ ထောင်ထဲမှာပါ အကြိမ်ကြိမ် လှုပ်ရှားနေကြတာ သိမယ်လို့ထင်တယ်။

ပြီးတော့ ဒါယကာတော်တို့ အမြင်အရကတော့ ဟုတ်တယ်။ မြန်မာနိုင်ငံဒီမိုကရေစီကြိုးပမ်းသူတွေဟာ ညီညွတ်နေတယ်။ ကွဲပြားခြားနားတာ မရှိဘူး။ ပါတီ(၂၀၀)နီးပါးကလဲ ဒီမိုကရေစီ၊ တောတွင်းအဖွဲ့စည်း(၃၀)ခန့်ကလည်း ဒီမိုကရေစီ၊ စေ့စပ်အပစ်အခတ်ရပ်(၁၇)ဖွဲ့တွေကလည်း ဒီမိုကရေစီ၊ နိုင်ငံတကာကို ရောက်ရှိသွားကြတဲ့အဖွဲ့တွေကလည်း ဒီမိုကရေစီ၊ ထောင်တွင်းထဲက နိုင်ငံရေးအကျဉ်းသားတွေ ကလဲ ဒီမိုကရေစီ၊ ဘာမှကွဲပြားတာ မရှိဘူး။ အားလုံးအဆက်အစပ်ရှိရှိ ကြိုးပမ်းနေကြတယ်။ ညီညွတ်တဲ့လှုပ်ရှားမှုတွေဟာ အာဏာရှင်တွေရဲ့ လုပ်ရပ်အားလုံးနီးပါးကို ဒီကနေ့အထိ ထိရောက်တဲ့ ဟန့်တားရိုက်ချိုးမှုတွေဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ အာဏာရှင်တွေရဲ့ အာဏာ တည်မြဲရေးအပေါ် များစွာထိခိုက်စေတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတကာလူသားချင်းစာနာထောက်ထားသူတွေဟာ မြန်မာနိုင်ငံ ဒီမိုကရေစီကြိုးပမ်းမှုအပေါ်မှာ ဆက်လက်ထောက်ခံနေကြတာဖြစ်တယ်။ အဓိကအားဖြင့်ပြောရရင် ဒေါ်အောင်ဆန်းစုကြည်ကိုလဲပဲ နိုင်ငံအသီးသီး၊ တက္ကသိုလ်အသီးသီးကနေပြီးတော့ ဘွဲ့တံဆိပ်(၃၀) ချီးမြှင့်ပေးအပ်ထောက်ခံခဲ့ကြတယ်။ နိုင်ငံရေး၊ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုတွေ လုပ်ပေးကြတယ်။ ပြည်တွင်းက ပြည်သူတရပ်လုံးကလဲ ယနေ့ထိ ထောက်ခံဆဲပါပဲ။ ရှေ့မှာပြောခဲ့သလို ဒီနေရာမှာ တခုပြောစရာရှိတယ်။ လက်နက်နဲ့ အကြမ်းဖက်နေတဲ့လူတွေကို အကြမ်းမဖက်နည်းနဲ့ ရင်ဆိုင်ရတဲ့ ပြဿနာပါပဲ။ ၁၉၈၈ခုနှစ်ကစပြီး ယနေ့အထိ သေတဲ့လူ၊ ထောင်ထဲရောက်တဲ့လူ၊ တောထဲရောက်တဲ့လူ၊ ပြည်ပထွက်ပြေးတဲ့လူ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများအပါအဝင် မရေတွက်နိုင်အောင် ဖြစ်နေလေတော့ လူတွေဟာ (ပမ်း)နေသလိုလိုတော့ ရှိနေတာတော့ အမှန်ပါပဲ။

ဟုတ်ပါတယ်..... တီမော(လ်)ကျတော့ ပေါ်တူဂီရဲ့ နှစ်ပေါင်း(၄၅၀)တိုင်တိုင် ကိုလိုနီနယ်မြေ ဖြစ်ခဲ့ဖူးလေတော့၊ ပေါ်တူဂီနဲ့ ဥရောပရဲ့ ပြတ်ပြတ်သားသားထောက်ခံမှုတွေ၊ ဩစတြေးလျရဲ့ ပြတ်ပြတ်သားသား ထောက်ခံမှုတွေရှိနေပြီး၊ ၁၉၇၅ မှာ အင်ဒိုနီးရှားပြောင်ပြောင်တင်းတင်း ကျူးကျော်သိမ်းပိုက်ခဲ့လေတော့၊ နိုင်ငံတကာဥပဒေနည်းနာအရ လုပ်ဆောင်မှုမှာ ပိုပြီးသွက်လက်တယ်လို့ ပြောရမလား မသိဘူး။ မြန်မာနိုင်ငံက အဲဒီလို မဟုတ်ဘူး။ ဘယ်နိုင်ငံမှ ပြတ်ပြတ်သားသား ရပ်တာမရှိဘူး။ ယေဘုယျလောက်ပဲ ပြောကြ ဆိုကြ ရပ်ကြရှိတယ်။ စစ်အုပ်စုအာဏာရှင်တွေဘက်မှာကြည့်ရင် မြင်သာထင်သာရှိတာကတော့ တရုတ်ပြည်သမတနိုင်ငံ၊ လာအိုနဲ့ ဗီယက်နမ်နိုင်ငံတွေက နိုင်ငံရေးအရ၊ ပေါ်လစီအရ ရပ်ကြသလို၊ စင်ကာပူ၊ မလေးရှားနဲ့ ထိုင်းနိုင်ငံတွေက စီးပွားရေးအပေါ်အခြေခံပြီး အခိုင်အမာရပ်တည်နေကြတယ်။ အင်ဒိုနီးရှားကတော့ နိုင်ငံရေးအရရော၊ ပေါ်လစီအရရော၊ စီးပွားရေးအရပါ ရပ်တည်နေတဲ့နိုင်ငံဖြစ်တယ်။ အဲဒီထဲမှာ ဝမ်းနည်း စရာကောင်းတာကတော့ ဗုဒ္ဓဘာသာလည်းဖြစ်၊ ဒီမိုကရေစီနိုင်ငံလည်းဖြစ်၊ အိမ်နီးချင်းနိုင်ငံလည်းဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ ရပ်တည်ချက်ပါပဲ။ တခါတခါ အာဏာရအစိုးရထိပ်တန်းပုဂ္ဂိုလ်များရဲ့ စီးပွားရေးလုပ်ငန်းအပါအဝင် ထိုင်းကုမ္ပဏီ(၂၀)ကျော်ထိ မြန်မာနိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံနေကြတော့ အဲဒီကုမ္ပဏီတွေဟာ ထိုင်းအစိုးရအသီးသီးအပေါ် ဩဇာရှိနေတယ်ဆိုတာ သိသာထင်ရှားတယ်။

ရှေ့လတွင် ဆက်လက်ဖော်ပြပါမည်။

# ထိုင်းနိုင်ငံရောက် နိုင်ငံခြားသားအလုပ်သမားသစ်များအတွက် အလုပ်လုပ်ခွင့်လက်မှတ်များထုတ်ပေး

ဇန်နဝါရီ၊ (၇)ရက်

တာ့ခ်ခရိုင်အပါအဝင် ထိုင်းနိုင်ငံ ပင်လယ်ကမ်းခြေ (၂၃)ခရိုင်တို့၌ နိုင်ငံခြားအလုပ်သမားများ အလုပ်ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် တရားဝင် လက်မှတ်များ ထုတ်ပေးရန် ထိုင်းအလုပ်သမားဝန်ကြီးဌာနက အတည်ပြုခဲ့သဖြင့် မဲဆောက်မြို့ရှိ မြန်မာအလုပ်သမား တသောင်းသုံးထောင်ကျော်တို့ စာရင်းပေးသွင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင်းသို့ တရားမဝင် ရောက်ရှိလာသည့် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ အလုပ်သမားများအား ထိန်းချုပ်နိုင်ရေးအတွက် ထိုင်းအစိုးရက တနှစ်သက်တမ်းရှိ တရားဝင်အလုပ်လုပ်ခွင့် လက်မှတ်များ ပြန်လည်ထုတ်ပေးရန် ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် လက်မှတ်တစောင်လျှင် ထိုင်းဘတ်ငွေ(၄၄၅၀) ကုန်ကျမည်ဖြစ်ပြီး ဇန်နဝါရီလ (၁၆)ရက်နေ့ နောက်ဆုံးထား၍ ပြုလုပ်ပေးသွားမည်ဟု ဆိုသည်။

ထိုင်းအစိုးရက ယခုကဲ့သို့ တနှစ်သက်တမ်းရှိ အလုပ်သမားလက်မှတ်များအား (၂၀၀၁)ခုနှစ်မှစ၍ ထုတ်ပေးလာခဲ့ရာ ထိုနှစ်တွင် မြန်မာလူမျိုးအလုပ်သမား ငါးသိန်းခြောက်သောင်းကျော်ရှိခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် သုံးသိန်းငါးသောင်းကျော် ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။

ယခုနှစ်တွင် တာ့ခ်ခရိုင်တခုတည်းအတွက် သတ်မှတ်အလုပ်သမားဦးရေ(၂၀၀၀၀) ကျော်ရှိရာ ယမန်နှစ်ကထက် အလုပ်သမားဦးရေ ပိုမိုများပြားလာဖွယ်ရှိသည်ဟု မဲဆောက်မြို့ခံများအဆိုအရ သိရသည်။

ယခုကဲ့သို့ ထိုင်းအစိုးရက တရားမဝင်ဝင်ရောက်လာသူ နိုင်ငံခြားသားအလုပ်သမားများအား ထိန်းချုပ်ရန် ဆောင်ရွက်လျက်ရှိသော်လည်း အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ တရားမဝင် လာရောက်အလုပ်လုပ်ကိုင်နေသောဦးရေကို တားဆီးနိုင်ခြင်း မရှိသေးကြောင်း သိရသည်။ ❖


ဝမ်းရေးအတွက် ဖမ်းဆီးခံခဲ့ရသည့် မြန်မာအလုပ်သမားလေးများ ရင်အေးနိုင်ပြီလား .... .... ....

# ရွှေခမောက်ပန်တီးရှင် ဦးရွှေမောင်အား အမှုမစစ်ဘဲ ထောင်ဒဏ် သုံးနှစ်ချမှတ်

ဇန်နဝါရီ၊ (၂)ရက်


ဦးရွှေမောင်၏ ရွှေခမောက်ကြီး

အဲန်အယ်လ်ဒီ၏ သင်္ကေတဖြစ်သည့် ရွှေခမောက်ကြီး ပြုလုပ်ရာတွင် ဦးဆောင်ပါဝင်ခဲ့သူ မန္တလေးမြို့သစ် ထွန်တုံးရပ်ကွက်နေ ဦးရွှေမောင်အား ခိုးရာပါပစ္စည်း လက်ခံမှု ပုဒ်မ(၃၈၀/၄၁၁)အရ ထောင်ဒဏ်(၃)နှစ် ချမှတ်လိုက်ကြောင်း သိရသည်။

အဲန်အယ်လ်ဒီအဖွဲ့ဝင်တဦးဖြစ်သူ ဦးရွှေမောင်သည် ရွှေခမောက်ကြီး ပြုလုပ်ရာတွင် ဦးဆောင်ခဲ့ပြီး ရပ်ကွက်အတွင်းနေ ဆင်းရဲသားပြည်သူလူထုအား ဆန်ပြုတ်တိုက်ကျွေးရာတွင်လည်း ဦးဆောင်ပါဝင်ခဲ့သဖြင့် နအဖ အာဏာပိုင်များက ယမန်နှစ် နိုဝင်ဘာလ(၇)ရက်နေ့တွင် နိုင်ငံရေးပုဒ်မ ၅(ည) ဖြင့် ဖမ်းဆီးအရေးယူခြင်း ခံခဲ့ရသူဖြစ်သည်။

ထိုသို့ ဖမ်းဆီးခြင်းခံထားရသူ ဦးရွှေမောင်ကို ယခုအခါ အမှုစစ်ဆေးခြင်းမရှိဘဲ ပုဒ်မ(၃၈၀/၄၁၁)အရ ပြစ်မှုမြောက်ကြောင်း စွပ်စွဲ၍ ထောင်တွင်းစီရင်ချက်ချမှတ်၍ ထောင်ဒဏ် (၃)နှစ် အပြစ်ပေးခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဦးရွှေမောင်က အာဏာပိုင်တို့ စွပ်စွဲထားသည့်ပုဒ်မကို မကျေနပ်သဖြင့် လက်မှတ်ထိုးပေးခဲ့ခြင်း မရှိကြောင်း ထောင်ဝင်စာတွေ့ခွင့်ရသူ ဦးရွှေမောင်၏ဇနီး ဒေါ်သန်းသန်းဝင်း၏အဆိုအရ သိရှိရသည်။ ❖

# မလွတ်လပ်သေးသော ... ... ... လွတ်လပ်ရေးနေ့



ကဗျာဆရာကြီး ဦးတင်မိုး

ဇန်နဝါရီ၊ (၄)ရက် (ဘန်ကောက်)

ဇန်နဝါရီလ(၄)ရက်နေ့တွင် ကျရောက်သည့် (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် "မလွတ်လပ်သောလွတ်လပ်ရေး"ဟူသောခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲတရပ်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ သမာရ်ဆပ်တက္ကသိုလ်တွင် ထိုနေ့နေ့လယ်ပိုင်းက ကျင်းပပြုလုပ်ခဲ့ရာ ရခိုင်ရဟန်းပျိုသမဂ္ဂမှ ဆရာတော် ဦးအရှင်ကထိက၊ ကဗျာဆရာ ကြီးဦတင်မိုးနှင့် စာရေးဆရာမကြီး ဒေါ်ခင်ခင်ကြီးတို့ တက်ရောက်ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားကို အဝေးရောက် မြန်မာကျောင်းသားအဖွဲ့ (ONSOB)နှင့် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားလူငယ်ကွန်ဂရက် (AASYC)တို့က ဦးစီးကျင်းပခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးအခက်အခဲများကြားမှ ဘန်ကောက်မြို့ရှိ မြန်မာ (၂၀)ကျော် တက်ရောက်ခဲ့သည်ဟု ဆိုသည်။

အခမ်းအနားတွင် ဆရာတော်အရှင်ကထိကက "မြန်မာနိုင်ငံတွင် လွတ်လပ်ရေး၏အရသာကို အပြည့်အဝ မခံစားရ၊ ဒီလွတ်လပ်ရေးကြီးကို ဦးပဋ္ဌင်းတို့ အသိအမှတ်မပြုနိုင်၊ လွတ်လပ်ရေး၏ အရသာကို အာဏာရှင်များကသာ ခံစားနေရပါတယ်"ဟု ဟောပြောသွားခဲ့ပြီး ကဗျာဆရာကြီးဦးတင်မိုးက "သံမဏိစိတ်ဓာတ်သွင်းပြီး တိုက်ပွဲဝင်ရာမှာ ကျနော်တို့ အခက်အခဲ ဘယ်လောက်ကြုံကြုံ အောင်ပွဲကို ရရမယ်လို့ ယုံကြည်ပါတယ်"ဟု ဟောပြောသွားကာ "ခွပ်ဒေါင်းအားမာန်"ကဗျာကို ဂုဏ်ပြုရွတ်ဆိုသွားခဲ့ကြောင်း သိရသည်။

ဆရာကြီးဦးတင်မိုးက ဆက်သွယ်မေးမြန်းခန်းတခုတွင် ပြောကြားခဲ့ရာ၌လည်း "မြန်မာပြည်မှာ (၆၂)ခုနှစ် နောက်ပိုင်းပေါ့၊ စစ်အာဏာရှင်စနစ်နဲ့ အုပ်ချုပ်တဲ့နောက်ပိုင်း ကျနော်တို့ရဲ့စာပေလွတ်လပ်ခွင့်တွေဟာ အတိုင်းအဆမရှိ ဆုံးရှုံးသွားပါတယ်။ ကလောင်လွတ်လပ်ခွင့်တွေဟာ အတိုင်းအဆမရှိ ဆုံးရှုံးသွားပါတယ်။ ကလောင်လွတ်လပ်ခွင့်တွေ ဆုံးရှုံးသွားရပါတယ်။ အဲဒီတော့ ဒီလို ဆုံးရှုံးသွားတဲ့ စာပေလွတ်လပ်ခွင့်၊ ကလောင်လွတ်လပ်ခွင့်၊ လွတ်လပ်စွာ ပြောဆိုရေးသားထုတ်ဝေခွင့်ဆိုတဲ့ အခွင့်အရေးတွေ ဆုံးရှုံးသွားတဲ့အတွက်ကြောင့် အဲဒါတွေကို အမြန်ပြန်ပြီးတော့ ရအောင်လိုချင်ပါတယ်။ ရအောင်လဲ အစွမ်းနိုင်ဆုံး တိုက်ပွဲဝင်နေဆဲလဲ ဖြစ်ပါတယ်။ အဲတော့ စာပေလွတ်လပ်ခွင့်ရှိမှလဲ လွတ်လပ်ရေးဟာ အဓိပ္ပာယ်ရှိပါလိမ့်မယ်။ ဒါကြောင့် စာပေလွတ်လပ်ခွင့်ကို အပြည့်အဝရရှိအောင် တိုက်ပွဲဝင်ကြပါလို့ ကျနော် ရဲဘော်တွေကို အားလုံးကိုပေါ့ စာပေချစ်မြတ်နိုးတဲ့ ပြည်သူအပေါင်းကိုလဲ တိုက်တွန်းလှုံ့ဆော်စေချင်တယ်"ဟု ပြောကြားသွားခဲ့သည်။

"မလွတ်လပ်သောလွတ်လပ်ရေးနေ့"ဟူသည့် စာပေဟောပြောပွဲတွင် စာရေးဆရာမကြီး ဒေါ်ခင်ခင်ကြီးက မြန်မာ့နိုင်ငံရေး နိမ့်ကျနေမှုနှင့်ပတ်သက်ပြီး ယခုခေတ်ပညာရေးအခြေအနေ ဆိုးဝါးနေမှုများကို အချက်အလက် အထောက်အထားများနှင့် ရှင်းလင်း ဟောကြားသွားခဲ့ပြီး ပညာမြင့်မှ တိုင်းပြည်မြင့်မည်ဖြစ်ကြောင်း အလေးအနက်ထား ပြောကြားသွားခဲ့သည်။

စာပေဟောပြောပွဲ အခမ်းအနားကို ထိုနေ့ ညနေ(၄) နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ ❖

# လူထုကို ၁၂ ဘိုးကျည်ဖြင့် ပစ်ခတ်ဖြိုခွင်းရန် နအဖ ပြင်ဆင်နေ

ဇန်နဝါရီလ၊ (၉)ရက်

လူထုကို ခြောက်လှန့်ပစ်ခတ်ရန်အတွက် နအဖက ပုလိပ်သုံး ဘရင်းဂန်းများအား ၁၂ ဘိုးကျည် ထည့်ပစ်နိုင်အောင် ပြင်ဆင်နေကြောင်း ဇန်နဝါရီ(၉)ရက်နေ့တွင် ထုတ်ပြန်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ၁၂ ဘိုးကျည်မှာ နှစ်လုံးပြူး အမျိုးအစားသေနတ်များတွင် သုံးသည့် ကျည်အမျိုးအစားဖြစ်ပြီး 'ခဲ'များများ ထည့်ပစ်နိုင်သည်ဟု ဆိုသည်။ စရိတ်ကျည်နှင့် ပစ်ပါက အမြောက်အမြား ထိခိုက်ဒဏ်ရာရနိုင်ကြောင်း သိရသည်။

ထိုကြေညာချက်တွင် ဖော်ပြထားရာ၌ နအဖသည် ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်ခရီးစဉ်အတွင်း လူထုကို နည်းမျိုးစုံ ဖြိုခွဲရန် ကြိုးစားခဲ့ပြီး ယခု အဆင့်တက်၍ ၁၂ ဘိုးကျည်နှင့် ပစ်ခတ်မည်ဆိုပါက ဒီမိုကရေစီသို့ ငြိမ်းချမ်းစွာ ကူးပြောင်းရန် မျှော်လင့်ချက်အား အပြီးအပိုင် ပိတ်ပစ်ခြင်းမျိုးဖြစ်သွားစေပြီး လူထု၏ ပြင်းပြသောဆန္ဒကို ပိုမိုခိုင်မာလာစေမည်သာဖြစ်သည်ဟု ဖော်ပြထားသည်။

ယခု ၂၁ ရာစု အခြေအနေသည် ၁၉၈၈–၈၉ ကာလ နိုင်ငံတကာအခြေအနေနှင့် မတူတော့သည်ကို နအဖစစ်အုပ်စုအနေဖြင့် သိသင့်ပြီး ၁၂ ဘိုးကျည်ဖြင့် ပစ်ခတ်ရန် ပြင်ဆင်နေသည့် အကြမ်းဖက်ဖြေရှင်းမှုမျိုး ပြုလုပ်ခဲ့ပါက ပြင်မရသည့်အမှားမျိုး ဖြစ်လာလိမ့်မည်ဟု အချိန်မီသတိပေးလိုက်ရကြောင်းကိုလည်း ဖော်ပြထားသည်။ ❖

# ကရင်နှစ်သစ်ကူးပွဲတော်အခမ်းအနားများ အဓိပ္ပာယ်အပြည့်အဝဖြင့် ကျင်းပပြုလုပ်

ကရင်အမျိုးသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် အမျိုးသားလက္ခဏာများ မမေ့လျော့စေရန်၊ ကရင့်အမျိုးသားမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကရင်နှစ်သစ်ကူးပွဲတော်ကို (၁၁)ကြိမ်မြောက်အဖြစ် ပြည်ပရောက် ကရင်ဒုက္ခသည်များဆိုင်ရာ လူမှုစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကာ ကရင်သက္ကရာဇ် ၂၇၄၂ နှစ်၊ ခရစ်သက္ကရာဇ် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ(၅)ရက်နေ့တွင် ထိုင်းနိုင်ငံ၊ နခေါ်ပထုန်ရှိ စိန့်ထမ်း ခရစ်ယာန်ဓမ္မကောလိပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

ထိုအခမ်းအနားတွင် ကရင်အမျိုးသားအလံတော်အား အလေးပြုခြင်း၊ ကရင့်အမျိုးသားသီချင်း သံပြိုင်သီဆိုခြင်း၊ နှစ်သစ်ကူး ကောက်သစ်စားပွဲကျင်းပခြင်း၊ ကရင်နှစ်သစ်ကူးဖြစ်ပေါ်လာပုံ ဖတ်ကြားခြင်းတို့ ပြုလုပ်ခဲ့ကြပြီး အခမ်းအနားသို့ ပေးပို့လာသည့် ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ပဒိုစောဘသင်၏ နှစ်သစ်ကူးမိန့်ခွန်းနှင့် အဖွဲ့အစည်းအသီးသီးမှ ပေးပို့ခဲ့ကြသည့် သဝဏ်လွှာများအား ဖတ်ကြားခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် 'ညီညွတ်ခြင်း'ဟု အဓိပ္ပာယ်ရသည့် ကရင်တေးသီချင်းသီဆို၍ နံနက်ပိုင်း အခမ်းအနားအစီအစဉ်ကို ရုတ်သိမ်းခဲ့ပြီး မွန်းလွဲပိုင်းတွင် ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲ၊ တေးသီချင်းသီဆိုပြိုင်ပွဲနှင့် ဘောလုံး ပြိုင်ပွဲများ ပြုလုပ်ခဲ့ကြသည်။

အခမ်းအနားသို့ ထိုင်းနိုင်ငံရောက် ကရင်အမျိုးသားများ၊ ဒေသခံထိုင်းကရင်များ၊ မြန်မာနိုင်ငံသားများနှင့် ဖိတ်ကြားထားသောအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ စုစုပေါင်း ဧည့်ပရိသတ်(၄၅၀၀)ခန့် တက်ရောက်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

အလားတူအခမ်းအနားတရပ်ကို အဝေးရောက်ကရင်အလုပ်သမားသမဂ္ဂ (MKLU) နှင့် ကရင်မျိုးချစ်လူငယ်များအဖွဲ့(KPYO) တို့က ကြီးမှူး၍ ဇန်နဝါရီ(၃)ရက်နေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တနေရာတွင် ကျင်းပပြုလုပ်ခဲ့ရာ သဘာပတိအဖြစ် စာရေးဆရာ မောင်စင်ကြယ်(ခ)မန်းညွန့်မောင်က ဆောင်ရွက်ခဲ့ပြီး ကရင်လူမျိုးဆင်းသက်လာပုံ၊ ကရင်စာပေသမိုင်းနှင့် ကရင်လူမျိုးတို့၏ တော်လှန်ရေးသမိုင်းကြောင်းများကို ဟောကြားသွားခဲ့ကြောင်း သိရသည်။

ထိုအခမ်းအနားသို့ ကရင်အမျိုးသား၊ အမျိုးသမီး(၃၀၀) ခန့်ပါဝင်ဆင်နွှဲခဲ့ကြပြီး ထိုင်းနိုင်ငံသို့ ခေတ္တရောက်ရှိနေသည့် ကဗျာဆရာကြီး ဦးတင်မိုးလည်း တက်ရောက်ဆင်နွှဲကာ ကဗျာတပုဒ် ရွတ်ဆိုသီကျူးသွားကြောင်း သိရသည်။ ❖



ကရင်အမျိုးသားနေ့အခမ်းအနားအား စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နေစဉ်

# အဲန်အယ်လ်ဒီအဖွဲ့ဝင်များအား အနီးကပ်စောင့်ကြည့်ရန် ရဲတပ်ဖွဲ့များအား ညွှန်ကြားနေ

ဇန်နဝါရီ၊ (၃)ရက်

တနင်္သာရီတိုင်းအတွင်းရှိ (NLD)အဖွဲ့ဝင်များ၏ သွားလာလှုပ်ရှားမှုများအား အမြဲတမ်း အနီးကပ်စောင့်ကြည့်၍ ကိုယ်ရေးအချက်အလက်များ လစဉ်ပုံမှန်တင်ပြကြရန် တိုင်းရဲတပ်ဖွဲ့ဌာနချုပ်က ယခုလ (၂)ရက်နေ့တွင် ညွှန်ကြားချက် ထုတ်ပြန်ထားကြောင်း သိရသည်။

တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့ (၁၀)ခုနှင့် အသစ်ထပ်မံဖွဲ့စည်းထားသော မြို့နယ်ခွဲရဲစခန်းများထံ အဆိုပါ ညွှန်ကြားချက်ကို ပေးပို့ထားကြောင်း သိရပြီး ညွှန်ကြားချက်တွင် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အဖွဲ့ချုပ်ပါတီဝင်များ ပါတီစည်းရုံးရေးတာဝန်ခံများနှင့် လူငယ်အဖွဲ့ဝင်များ၏လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်၍ ထူးခြားမှုရှိပါက ဌာနချုပ်သို့ အမြန်ဆုံးတင်ပြရမည်ဟု ဆိုသည်။

ထို့ပြင် အဲန်အယ်လ်ဒီအဖွဲ့ဝင်များနှင့် ဆက်နွှယ်နေသူများတွင် ဌာနဆိုင်ရာဝန်ထမ်းများရှိပါက ၎င်းတို့၏ အမည်၊ အသက်၊ ရာထူး ဌာန၊ နေရပ်လိပ်စာတို့နှင့် တကွစုံစမ်းရရှိသော ကိုယ်ရေးအချက်အလက်များအား အသေးစိတ်ဖော်ပြပြီး တိုင်းရဲတပ်ဖွဲ့မှူးရုံးသို့ လစဉ်အစီရင်ခံစာအဖြစ် ပေးပို့ရမည်ဟု ဆိုသည်။

အလားတူ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းတွင်လည်း ဒေသခံအာဏာပိုင်များက အထက်ပါညွှန်ကြားချက်များအတိုင်း ပြုမူလုပ်ဆောင်နေကြောင်း သိရှိရသည်။

❖ ❖ ❖

# ဒေါ်အောင်ဆန်းစုကြည်၏ခရီးစဉ် ကူညီခဲ့သူ နှစ်ဦး အရေးယူခံရ

ဇန်နဝါရီ၊ (၁)ရက်

ဒီဇင်ဘာလလယ်ပိုင်းက စတင်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း အာဏာပိုင်များက ဟန့်တားမှုများ ထွက်ပေါ်လာခဲ့သည့်နောက်ပိုင်း ယခုအခါ ဆက်လက်၍ အဆိုပါခရီးစဉ်အတွင်း ကူညီခဲ့သူများကို အရေးယူမှုများ ပြုလုပ်နေကြောင်း သိရသည်။

ဒေသခံတို့အဆိုအရ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ မကွေးတိုင်း ကံမမြို့သို့ သွားရောက်စဉ် ကားအကူအညီပေးခဲ့သူ ဦးရဲစိန်၏ ကားကို ကားလိုင်းဝင်ခွင့်လိုင်စင် ပိတ်ပစ်ခဲ့ပြီး မင်းတုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်း၏ သားဖြစ်သူ မောင်ဇော် ပိုင်ဆိုင်သည့် ပြည်–မင်းတုန်း သွား လိုင်းကားကိုလည်း လိုင်စင်ပိတ်ပစ်လိုက်ကြောင်း သိရသည်။

ယခုလို ကားလိုင်းလိုင်စင်များ ပိတ်ပစ်ခြင်းအမိန့်ကို ကြံ့ဖွံ့အသင်း အတွင်းရေးမှူး ဦးစိုးနိုင်ဆိုသူ၏ အမိန့်အရ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကားလိုင်းငွေကိုင်တဦးက ထုတ်ဖော်ပြောပြခဲ့သည်ဟု သိရသည်။ ❖

# အဝိဇ္ဇာ ထိပ်ခေါင် မြန်မာ့ လူ့ဘောင်

## ဂါမဏိ

မိုးကြိုးသတင်းစဉ်
အမှတ်စဉ်(၂၈)မှအဆက်

တဘက်မှာကြည့်ရင်တော့ လီကွမ်ယူး အင်ကုမ္ပဏီက ကြော်ငြာဖြန့်ချီနေတဲ့ 'ကွန် ဖြူးရှပ်ဝါဒ'နဲ့ အဲဒီတန်ဖိုးများဆိုတာဟာ အာရှတိုက်အရှေ့မြောက်ဒေသ အဝန်းအဝိုင်း ရဲ့အပြင်ကို တခါမှမထွက်ခဲ့ပါဘူး။ ပင်လယ် ရပ်ခြား တရုတ်လူမျိုးအသိုင်းအဝန်းက လွဲပြီး အရှေ့တောင်အာရှနဲ့ တောင်အာရှမှာ အဓိက လွှမ်းမိုးပြန့်နှံ့နေတဲ့ ထေရဝါဒဗုဒ္ဓဘာသာဝင် တွေ၊ ဟိန္ဒူဘာသာဝင်တွေ၊ မွတ်စလင်တွေနဲ့ ခရစ်ယာန်တွေရဲ့ဘဝနဲ့ နေမှုထိုင်မှုပုံစံတွေထဲ တခါမှ မဝင်နိုင်ခဲ့ပါဘူး။

နဝတ/နအဖ က စစ်တပ်အတွင်းမှာ အခြေအနေအားလုံး ကောင်းတယ်၊ စစ်တပ် ဟာ စည်းကမ်းရှိတယ်၊ တသွေးတသံတည်း ရှိတယ်၊ သစ္စာရှိတယ်၊ ရာထူးဆက်ခံရေး စနစ်တွေ ရှင်းရှင်းလင်းလင်း သတ်မှတ်ပြီး သား ခိုင်ခိုင်မာမာ အတည်တကျရှိတယ်။ စစ်သားတွေဟာ အရပ်သားတွေထက် တိုင်းပြည် အုပ်ချုပ်ရာမှာ ပိုအရည်အချင်းရှိတယ်လို့ ပြစ်ဒဏ်ခတ်အရေးယူမှုတွေနဲ့ ဖိအားတွေကို လုံးဝ ဂရုမစိုက်ဘူးလို့ ကြွေးကြော်နေတယ်။ ဒီဖိအားတွေဟာ ဗမာပြည်အပေါ် ဘာမှမထိခိုက် စေဘူးလို့လဲ ပြောတယ်။ ဒါပေမယ့် အရေး ယူမှုတခု ဒါမှမဟုတ် ရှုတ်ချအပြစ်ဆိုမှုတခု ထွက်လာလိုက်တာနဲ့ သူတို့ဟာ လုံးဝ ဆတ် ဆတ်ခါနာသွားပြီး အမြဲပဲဒေါသတကြီး ဖြစ် သွားတာချည်းပဲဖြစ်တယ်။ သူတို့က 'ကိုလိုနီ လက်သစ်ဝါဒအကြံအစည်'တွေကို မမှုဘူးလို့ ဆိုပေမယ့် နိုင်ငံတကာရဲ့ အရေးယူမှုတခုခု ပေါ်လာတာနဲ့ ချက်ချင်းပဲ သတင်းစာရှင်း လင်းပွဲခေါ်ပြီး အရှူးချီးပန်းငြင်းပယ်ရှုတ်ချ တာတွေ လုပ်ရတယ်။ နိုင်ငံခြားသံတမန်တွေ နဲ့ သတင်းသမားတချို့ကို မိုင်းယွန်း ခေါ် သွားပြသပြီး မူးယစ် မထုတ်နေပါဘူးလို့ အာမခံချက်ပေးရတယ်။ သူတို့က ဗမာပြည် မှာ အဓမ္မလုပ်အားပေးမရှိဘူး၊ ဗုဒ္ဓဘာသာ ဓလေ့ထုံးစံအရ စေတနာလုပ်အားပေးပဲ ရှိ တယ်လို့ တောက်လျှောက်ငြင်းနေခဲ့သော် မတော့ နအဖဟာ ဘယ်သူ့ကိုမှ လက်ညှိုး ထိုး အပြစ်ဖို့လို့မရဘဲ ဖြစ်နေပါတော့တယ်။ ဘာလို့လဲဆိုတော့ 'မြန်မာ့အားကစား ကမ္ဘာ ကို လွှမ်းရမည်'ဆိုတဲ့ ပေါတောတော ကြွေး ကြော်သံနဲ့ ယှဉ်တွဲပြီး နိုင်ငံ့လက်ရွေးစင် ဘောလုံးအသင်းရဲ့ ခွင့်မလွှတ်နိုင်စရာ သိက္ခာကျ အရှက်တကွဲ ရှုံးပွဲတွေကို နှစ်နဲ့ ချီပြီး ဆက်တိုက် ရုပ်မြင်သံကြား တိုက်ရိုက် ထုတ်လွှင့်မှုတွေကနေ တတိုင်းပြည်လုံးက ကွက်ကွက်ကွင်းကွင်း မြင်တွေ့ထားပြီးလို့ ဖြစ်ပါတယ်။ ဖီဖာရဲ့ အရေးယူမှုဟာ တိုင်း ပြည်ဂုဏ်သိက္ခာကျဆင်းမှုနဲ့ ပတ်သက်ပြီး စစ်အုပ်စုရဲ့ တာဝန်ရှိမှုကို ဘယ်လိုမှငြင်းမရ၊ ဆင်ခြေပေးမရအောင် အရှင်းလင်း အထင် ရှားဆုံး ပြသလိုက်တာပဲဖြစ်တယ်။ ဒီကိစ္စမှာ နအဖ ဟာ တိုင်းပြည်ကို ဘယ်လိုမှလိမ်လို့ လှည့်လို့ မရတော့ဘဲဖြစ်သွားခဲ့တယ်။ ဒါ ကြောင့် စစ်အုပ်စုဟာ ဒီကိစ္စတခုလုံးကို ဖုံးဖိထားလိုက်ပြီး သတင်းမီဒီယာတွေထဲမှာ

> ဗမာပြည်ဟာ ၁၉၈၇ ခုမှာ 'ဖွံ့ဖြိုးမှု အနိမ့်ဆုံးတိုင်းပြည်' (LDC)အဆင့် သတ်မှတ်ခံရတဲ့အခါ အဲဒီတုန်းကရော အခုနောက်ပိုင်းရော အာဏာရပုဂ္ဂိုလ်ကြီးများက ဒါဟာ 'အဆင်းရဲဆုံးတိုင်းပြည်'လို့ အဓိပ္ပာယ် မသက်ရောက်တဲ့အကြောင်း၊ ဘောဂဗေဒပညာပိုင်း အသုံးအနှုန်းတခုသာ ဖြစ်ကြောင်း ထပ်တလဲလဲ ပြောခဲ့ကြတယ်။

နင်းကန်ပြောနေပေမယ့် သူတို့ဟာ တွင်း(၂) တင်ဦးတယောက် ထူးထူးဆန်းဆန်းနဲ့ သေ သောသူသည် သုဿာန်သို့ သွားသည်ဖြစ်ပြီး တဲ့နောက် (၆)လကျော်ကြာလာတဲ့တိုင်အောင် သူ့နေရာကို လူစားမထိုးနိုင်၊ ဒါမှမဟုတ် မထိုးရဲဖြစ်နေတယ်။ သို့ပေမယ့် ရဟတ်ယာဉ် ပျက်ကျတဲ့အနားက ရွာကလေးကတော့ အဆင့်မြှင့်ခံရပြီး အစိုးရအထောက်အမတွေ၊ အဆောက်အဦးတွေ၊ လက်ဆောင်ပစ္စည်း တွေ တပုံကြီး ချီးမြှင့်ခံရတယ်။ ကြည့်ရပုံက အဲဒီရဟတ်ယာဉ် ပျက်ကျတာဟာ အမျိုး သားအောင်ပွဲတရပ် ရလိုက်သကဲ့သို့ပါပဲ။

စစ်တပ်တွင်းမှာ တရားဝင်သတ်မှတ် ထားတဲ့ ပင်စင်သက်ပြည့်နေတဲ့ လက်ရှိ နအဖ ဗိုလ်ချုပ်တွေဟာလဲ ပုံမှန်အတိုင်း အငြိမ်းစား ယူပြီး တဆင့်နိမ့် စစ်အရာရှိတွေကို သူတို့ နေရာတွေ ဝင်ယူခွင့်ပေးရမှာကို စိတ်မချ ဖြစ်နေတယ်။ ဒါကြောင့် တပ်တွင်းက မှန် တမ်း ရာထူးတိုးမြှင့်ရေးအစီအစဉ်တွေ အားလုံး ထစ်ငေါ့ရပ်ဆိုင်းကုန်ပြီး အလယ် အလတ်အဆင့် အရာရှိတွေကြားမှာ မကျေ နပ်မှုတွေ တနေ့ထက်တနေ့ တိုးပွားနေ တယ်။

အောင်နက်တဖြစ်လဲ၊ ဂုတ်ကျား သို့မ ဟုတ် နဝတတဖြစ်လဲ နအဖဟာ နိုင်ငံတကာ လည်း အိုင်အယ်လ်အို ကမ္ဘာ့အလုပ်သမား အဖွဲ့ကြီးက ပြစ်ဒဏ်ခတ် အရေးယူတဲ့အခါ မှာတော့ အဓမ္မလုပ်အားပေးမှု တရားဝင် ခွင့်ပြုထားတဲ့ စည်းမျဉ်းဥပဒေတချို့ကို ပယ်ဖျက်တဲ့အမိန့်၊ ညွှန်ကြားချက်တွေ ထုတ် ပြန်ပေးရတယ်။

နဝတ/နအဖက ပြည်ပအားကိုးပုဆိန် ရိုးတွေ အဆိုးမြင်ဝါဒီတွေ နယ်ချဲ့နောက် လိုက် ပြည်ပြေးတွေနဲ့ ကိုလိုနီလက်သစ်ဝါဒီ တွေဟာ နအဖ သိက္ခာကျအောင် တောက် လျှောက်ကြံစည်လှုပ်ရှားနေတယ်လို့ အမြဲပဲ စွပ်စွဲခဲ့ကြတယ်။ ကမ္ဘာ့အလုပ်သမားအဖွဲ့ (ILO)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ကမ္ဘာ့ကလေးများရံပုံငွေအဖွဲ့(UNICEF) နိုင်ငံတကာလွတ်ငြိမ်းခွင့်အဖွဲ့စတာတွေနဲ့ ဥရောပသမဂ္ဂ(EU)တို့ အမေရိကန်အစိုးရ တို့ရဲ့ အရေးယူမှုတွေ၊ ပြစ်တင်ချိုးနှိမ်တဲ့ ထုတ်ပြန်ချက်တွေအားလုံးဟာ ဒီပုဆိန်ရိုး အဆိုးမြင်ဝါဒီတွေပေးတဲ့ သတင်းမှားတွေ အပေါ် အခြေခံထားတယ်လို့ တုန့်ပြန်ငြင်း ဆိုလေ့ရှိတယ်။ ဒါပေမယ့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်(FIFA)က မြန်မာ့လက်ရွေးစင်အသင်း ကို ချိန်းထားတဲ့ ဘောလုံးပွဲလာကစားဖို့ ပျက်ကွက်လို့ အရေးယူအပြစ်ပေးပြီးနောက် ထပ်ကစားခွင့်ပိတ်၊ ဒဏ်ငွေရိုက်တဲ့အခါ လက်ရွေးစင်ဘောလုံးအသင်းနဲ့ ပတ်သက် တာတွေ ဘာမှမထည့်သွင်းဖို့ ပိတ်ပင်တား မြစ်တာကိုပဲ လုပ်ရတော့တယ်။

ဗမာပြည်ဟာ ၁၉၈၇ ခုမှာ 'ဖွံ့ဖြိုးမှု အနိမ့်ဆုံးတိုင်းပြည်' (LDC)အဆင့် သတ် မှတ်ခံရတဲ့အခါ အဲဒီတုန်းကရော အခု နောက်ပိုင်းရော အာဏာရပုဂ္ဂိုလ်ကြီးများ က ဒါဟာ ''အဆင်းရဲဆုံးတိုင်းပြည်''လို့ အဓိပ္ပာယ် မသက်ရောက်တဲ့အကြောင်း၊ ဘောဂဗေဒပညာပိုင်း အသုံးအနှုန်းတခုသာ ဖြစ်ကြောင်း ထပ်တလဲလဲ ပြောခဲ့ကြတယ်။ ဒါကြောင့် အခုအခါ ကုလသမဂ္ဂက ဒီကိစ္စ ကို ရှင်းလင်းသွားအောင် တံဆိပ်အသစ် ကပ်ပေးလိုက်ပြီဖြစ်တယ်။ အဲဒီတံဆိပ်အသစ် ကတော့ 'ကြွေးထူ ငမွဲတိုင်းပြည်' (Heavily Indebted Poor Country-HIPC) အဆင့် ဖြစ်ပါတယ်။ နေဝင်းနဲ့ သူရဲ့ မဆလ ပါတီ ဟာ တိုင်းပြည်ကို နှစ်ပေါင်းအစိတ်အတွင်း မှာ (LDC)အဆင့်ရောက်အောင် လုပ်ခဲ့ တယ်။ အခု နဝတ/နအဖ ထဲက နေဝင်းရဲ့ တပည့်လက်သားတွေကတော့ တိုင်းပြည်ကို (၁၂)နှစ်ထဲနဲ့ (HIPC)ခေါ် ကြွေးထူငမွဲ ပြည် ဆင်းရဲအဆင့်အတန်းရောက်အောင် လုပ်နိုင် ခဲ့တယ်။ တကယ့်ကို အံ့ချီးဘနန်း အောင်မြင် မှုကြီးပါပဲဗျာ။ ❖

# အကျဉ်းခံပြည်သူ့ကိုယ်စားလှယ် ဦးစောနိုင်းနိုင်း ကျန်းမာရေးအခြေအနေ ဆိုးရွား

## နိုင်ငံတဝှမ်းအကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား (၁၂၀၀)ကျော် ရှိနေဆဲ



**ယုံကြည်မှုကြောင့် အကျဉ်းကျခံနေရသော**
**ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်းနိုင်း**

နအဖ စစ်အကျဉ်းထောင်များတွင်း ဥပဒေပုဒ်မ အမျိုးမျိုးတပ်ကာ ဖမ်းဆီးခြင်း ခံထားရသော ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် (၁၉)ဦးတို့အနက် ရန်ကုန်တိုင်း ပုဇွန် တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးစောနိုင်းနိုင်းသည် ကျန်းမာရေး ဆိုးဝါးစွာ ခံစားနေရသည့်အတွက် မကြာမီ ရက်များအတွင်း ခွဲစိတ်ကုသခံရဖွယ်ရှိ ကြောင်း သိရသည်။

အသက် (၆၁)နှစ်အရွယ်ရှိ ဦးစောနိုင်း နိုင်းသည် အူကျရောဂါနှင့် နှလုံးသွေးကြော ကျဉ်းရောဂါတို့ ခံစားနေရကြောင်း ဇနီး ဖြစ်သူ၏ အဆိုအရသိရှိရပြီး ထိုရောဂါများ မှာ ပထမအကြိမ် ထောင်ဒဏ်ချထားခြင်း ခံရစဉ် အကျဉ်းထောင်အတွင်းမှ ရလာခဲ့ သောရောဂါများဖြစ်ကြောင်း သိရသည်။

ဦးစောနိုင်းနိုင်းသည် ၁၉၉၀ ခုနှစ် အောက်တိုဘာလတွင် ပထမအကြိမ် ဖမ်းဆီး ခြင်းခံခဲ့ရပြီး ထောင်ဒဏ်(၁၀)နှစ် ချမှတ်ခြင်း ခံခဲ့ရသည်။ ထို့နောက် ၂၀၀၀ ခုနှစ် စက် တင်ဘာလ(၁၃)ရက်နေ့တွင် ဗဟန်းမြို့နယ် အဲန်အယ်လ်ဒီအဖွဲ့ဝင် ကဗျာဆရာဖျာပုံနီလုံးဦး အပါအဝင် အခြား(၆)ဦးတို့နှင့်အတူ ဒုတိယ အကြိမ် ဖမ်းဆီးခြင်းခံခဲ့ရကာ အရေးပေါ် စီမံချက် အက်ဥပဒေ၊ ပုံနှိပ်သူများနှင့် ထုတ် ဝေသူများ ဥပဒေတို့နှင့် ငြိစွန်းကြောင်း စွပ်စွဲ၍ ထောင်ဒဏ်(၂၁)နှစ် ချမှတ်ခြင်း ခံခဲ့ရသူဖြစ်သည်။

ဦးစောနိုင်းနိုင်းနည်းတူ မတရားပုဒ်မ များဖြင့် ဖမ်းဆီးခံထားရဆဲ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် အခြား(၁၇)ဦးတို့မှာ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဒေါက် တာသန်းငြိမ်း၊ မရမ်းကုန်းမြို့နယ်မှ ဒေါက် တာဒေါ်မေဝင်းမြင့်၊ အင်းစိန်မြို့နယ်မှ သတင်းစာဆရာ ဦးစိန်လှဦးနှင့် စမ်းချောင်း မြို့နယ်မှ ဦးခင်မောင်ဆွေတို့ဖြစ်ကြပြီး အခြားပြည်နယ်နှင့် တိုင်းများမှ ကိုယ်စား လှယ်များမှာ မန္တလေးတိုင်း အမရပူရမြို့နယ် မှ ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးအရှေ့ တောင်မြို့နယ်မှ ဦးအုန်းကြိုင်၊ စစ်ကိုင်းတိုင်း တွန်းဇံမြို့နယ်မှ ဦးကျော်ဆန်း၊ ကလေးမြို့ နယ်မှ ဦးဒိုထောင်း၊ ကန့်ဘလူမှ ဒေါက်တာ မြင့်နိုင်၊ မကွေးတိုင်း မင်ဘူးမြို့မှ ဦးစိုးမြင့်၊ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်မှ ဦးဖိုး မောင်၊ တနင်္သာရီတိုင်း ရေးမြို့နယ်မှ ဦး တိုးပို၊ ရှမ်း ပြည်တောင်ပိုင်း တောင်ကြီးမှ ဦးကျော်ခင်၊ ကချင်ပြည်နယ် ပူတာအိုမှ ဦး ရော်စီ၊ မွန်ပြည်နယ် သထုံမှ ဦးခွန်မြင့်ထွန်း၊ မုဒုံမြို့နယ်မှ ဒေါက်တာမင်းကြည်ဝင်းနှင့် ရေးမြို့နယ်မှ ဒေါက်တာမင်းစိုးလင်းတို့ ဖြစ် ကြောင်း သိရသည်။

ဒေါက်တာမင်းကြည်ဝင်းနှင့် ဒေါက်တာ မင်းစိုးလင်းတို့မှာ မွန်အမျိုးသားတပ်ဦးမှ ဖြစ်ကြပြီး ကျန်ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်မှ ဖြစ်ကြသည်။

နိုင်ငံတဝှမ်းရှိ နအဖအကျဉ်းထောင် များအတွင်း၌ အဆိုပါ ပြည်သူ့ကိုယ်စား လှယ်များအပါအဝင် နိုင်ငံရေးအကျဉ်းသား (၁၂၀၀)ကျော်ကို အမြန်ဆုံးလွှတ်ပေးရန် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့ အစည်းများ၊ ပြည်တွင်းပြည်ပ ဒီမိုကရေစီ အင်အားစုများက တောင်းဆိုနေကြပြီး ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံ တွင် စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲများ ဖြစ် မြောက်လာရေးအတွက် ရှေ့တဆင့် တက် လှမ်းနိုင်မည်ဖြစ်ကြောင်း နိုင်ငံရေးသုံးသပ်သူ များအဆိုအရ သိရသည်။ ❖

**တွေ့ဆုံဆွေးနွေးမှု အမြန်ပေါ်ပေါက်ရေး ပြည်သူတရပ်လုံးမှ ဝိုင်းဝန်းဖိအားပေး**

# နိုင်ငံတကာသတင်းသမားများ ဒုက္ခကြုံတွေ့နေရ



**ဟံသာဝတီသတင်းစာ**
**အယ်ဒီတာချုပ်ဟောင်း ဦးဝင်းတင်**

ဇန်နဝါရီလ၊ (၆)ရက်

ကမ္ဘာ့နိုင်ငံရေး တင်းမာနေမှုများနှင့် အကြမ်းဖက်သမား နှိမ်နင်းရေးဆိုသည့် ခေါင်းစဉ်များအောက်တွင် နိုင်ငံတကာ သတင်းသမားများ အန္တရာယ်ကြုံတွေ့နေကြရကြောင်း ပြင်သစ်အခြေစိုက် နယ်ခြားမဲ့ သတင်းသမားများအဖွဲ့က ဇန်နဝါရီ(၆)ရက်နေ့တွင် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် သက္ကရာဇ် ၂၀၀၂ ခုနှစ်အတွင်း နိုင်ငံပေါင်းစုံမှသတင်းသမား (၂၅) ဦး အသတ်ခံခဲ့ရပြီး (၆၉၂)ဦး ဖမ်းဆီးခံခဲ့ရကြောင်း ထိုအဖွဲ့က ဆိုသည်။ ၂၀၀၁ ခုနှစ်တွင် (၃၁)ဦး အသတ်ခံခဲ့ရပြီး (၄၈၉)ဦး ဖမ်းဆီးခံခဲ့ရသည့်အတွက် သတင်းသမားများအပေါ် ဖမ်းဆီးမှုများ ပိုမိုများပြားလာခဲ့သည်ဟု သတင်းသမားများကာကွယ်ရေးအဖွဲ့က စာရင်းဇယားများ ထုတ်ပြန်ထားသည်။

သတင်းထုတ်ပြန်ချိန်အထိ အနည်းဆုံး သတင်းသမား (၁၁၈)ဦးတို့ ဖမ်းဆီးခံထားရဆဲဖြစ်ပြီး ထိုအထဲတွင် မြန်မာနိုင်ငံမှ သတင်းစာဆရာ (၁၀)ဦးကျော်လည်း ပါဝင်သည်ဟု ဆိုသည်။ ထိုသတင်းစာဆရာများအနက် အသက်(၆၈)နှစ်အရွယ်ရှိ စာရေးဆရာ သတင်းစာဆရာ ဦးစိန်လှဦးသည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တဦးလည်းဖြစ်သည်။ သူသည် ၁၉၉၀ ခုနှစ်တွင် စစ်အုပ်စုအာဏာပိုင်များ၏ ဖမ်းဆီးခြင်းကို ပထမအကြိမ်ခံခဲ့ရပြီး ထောင်ဒဏ်(၁၀)နှစ် ချမှတ်ခံခဲ့ရသည်။ ထို့နောက် ၁၉၉၄ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ "ကြောက်ရွံ့ခြင်းမှကင်းဝေးရေး" စာအုပ်ကို မြန်မာဘာသာသို့ ပြန်ဆိုမှုနှင့် ဒုတိယအကြိမ် ထပ်မံဖမ်းဆီးခြင်းခံခဲ့ရပြန်ကာ ထောင်ဒဏ် နှစ် (၂၀) ချမှတ်ခံခဲ့ရသူဖြစ်သည်။

နအဖ စစ်အကျဉ်းထောင်များအတွင်း အဲန်အယ်လ်ဒီ တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ အသက်(၇၂)နှစ်အရွယ်ရှိ ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်ဟောင်း ဆရာကြီးဦးဝင်းတင်နှင့် အခြားသတင်းစာဆရာ စာရေးဆရာ(၁၅)ဦးခန့် ဖမ်းဆီးခံထားရဆဲဖြစ်ပြီး ၎င်းတို့အားလုံးကို အမြန်ဆုံးလွှတ်ပေးရန် နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့များက စစ်အုပ်စုထံ တောင်းဆိုထားကြသည်။

ထို့ပြင် ယခုအချိန်ထိ ဖမ်းဆီးခြင်းခံထားရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၈)ဦးတို့နှင့် ဒီမိုကရေစီရေး ကြိုးပမ်းဆောင်ရွက်နေသူ နိုင်ငံရေးအကျဉ်းသား (၁၂၀၀)ကျော်တို့အား အမြန်ဆုံးလွှတ်ပေးရန် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များကလည်း အစဉ်တစိုက် တောင်းဆိုနေကြဆဲဖြစ်သည်။

❖ ❖ ❖

## ❍ ရွှေဖုံးမှ

ပြန်လည် လွှတ်မြောက်လာသည့်နောက်ပိုင်း ယနေ့ကာလထိ အခြေအနေကို သုံးသပ်ထားပြီး အဲန်အယ်လ်ဒီနှင့် စစ်အုပ်စုတို့အကြား ယုံကြည်မှုတည်ဆောက်ရေးမှသည် ရှေ့တဆင့် တက်လှမ်းနိုင်ခြင်း မရှိသေးဟု ဆိုသည်။

စာတမ်း၏ နိဂုံးပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ လက်တလောရင်ဆိုင်ခဲ့ရသည့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း ခရီးစဉ်အတွင်း အာဏာပိုင်များ၏ နှောင့်ယှက်ဟန့်တားပိတ်ပင်ခဲ့မှုများကို သုံးသပ်ထောက်ပြထားပြီး အဖွဲ့နှစ်ဖွဲ့တို့ကြား တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ကို ဦးတည်ခြင်း မရှိသေးကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။

ထို့နောက် နိဂုံးချုပ်အားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်များ ဖော်ပြထားရာ ယခင်ရပ်တည်ချက်များအတိုင်း မပြောင်းမလဲ ခိုင်မာစွာ ရပ်တည်သွားမည်ဖြစ်ကြောင်း အောက်ပါကဲ့သို့ အတိအလင်း ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။

နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် တောင်းဆိုသည်ဟူ၍ အစချီလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ဆောင်မပေးမချင်း ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ်ဆုံးဖြတ်ချက် ချမှတ်ထားသည့်အတိုင်း ပြည်သူလူထု၏ ဆန္ဒကို လိုက်နာဆောင်ရွက်မှု မပြုမချင်း နောက်ထပ်ရွေးကောက်ပွဲကို လက်မခံနိုင်ဟုလည်းကောင်း၊ အမျိုးသားညီလာခံနှင့် ပတ်သက်၍ အဖွဲ့ချုပ်၏ သဘောထားကို ဖော်ပြထားရာ၌ နဝတ ခေတ်က အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့် (၁၈–၁၀–၉၀)နေ့တွင် ပြောကြားခဲ့သည့်အတိုင်း "အမျိုးသားညီလာခံ ခေါ်ယူရေးမှာ နိုင်ငံရေးပါတီများ ရွေးကောက်ပွဲအနိုင်ရ ကိုယ်စားလှယ်များ၏ တာဝန်ဖြစ်သည်။ နဝတက လိုအပ်သည်များကို ပံ့ပိုးမည်ဖြစ်ကြောင်း" ကတိပေး ပြောဆိုခဲ့သည်နှင့်အညီ ထိုသို့ဆောင်ရွက်ခြင်းမရှိသေးသည့်အတွက် အမျိုးသားညီလာခံကို လက်ရှိပုံစံမှ မပြောင်းသ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တက်ရောက်မည် မဟုတ်ဟု ဖော်ပြထားသည်။

နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီ၏ သဘောထားကို ဖော်ပြခဲ့ရာတွင်လည်း (၃–၇–၉၀)နေ့တွင် နဝတဥက္ကဋ္ဌ ပြောကြားခဲ့သည့်အဆိုအရ အခြေခံဥပဒေ ရေးဆွဲရာတွင် ရွေးကောက်ပွဲအနိုင်ရပါတီအဖွဲ့အစည်းများမှ လွှတ်တော်ကိုယ်စားလှယ်များကသာ ညှိနှိုင်းရေးဆွဲရမည်ဖြစ်၍ နအဖက ဦးစီးကျင်းပနေသည့် အမျိုးသားညီလာခံမှ နိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပါဝင်ထည့်သွင်းရမည့် ပြဋ္ဌာန်းချက်များ ချမှတ်ထားခြင်းအား လက်ခံမည် မဟုတ်ဟု အတိအလင်း ဖော်ပြထားသည်။

ထို့နောက် မြန်မာနိုင်ငံသည် နိုင်ငံရေးရာသီဥတု သာယာမှုမရှိသဖြင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံခြားတိုင်းပြည်အစိုးရများက အထောက်အပံ့ အကူအညီပေးမည်ဆိုပါက ခုခံအားကျဆင်းမှုရောဂါကဲ့သို့ အကူအညီများကို ပွင့်လင်းရိုးသားတာဝန်ယူမှုရှိပြီး လွတ်ကင်းစွာ စောင့်ကြပ်ကြည့်ရှုမှုရှိရမည်ဟု ဖော်ပြထားပြီး ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေးသည် အားပေးရန် အခြေအနေသို့ မရောက်သေးဟု သတ်မှတ်ထားသည်။

နောက်ဆုံးအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ဆက်လက်ရပ်တည်သွားမည်ဟု ခိုင်မာစွာ ဆွဲကိုင်ထားကြောင်း အတိအလင်း ကြေညာလိုက်ပေသည်ဟု ဖော်ပြထားသည်။

❖ ❖ ❖

မိုးကြိုးပရိသတ်များသို့ ....

တလနှစ်ကြိမ် ထုတ်ဝေဖြန့်ချိနေသော မိုးကြိုးသတင်းစဉ်ကို အပတ်စဉ်ပုံမှန်ရယူလိုသော ထိုင်းနိုင်ငံအတွင်းရှိ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် မိမိတို့၏ လက်ရှိဆက်သွယ်နိုင်သော လိပ်စာများအား မိုးကြိုး Po.Box မှတဆင့်မှလည်းကောင်း၊ E-mail မှတဆင့်လည်းကောင်း ထပ်မံ၍ ပြန်လည်ဆက်သွယ်ပေးပို့ကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

မိုးကြိုးသတင်းစဉ်

Po.Box -91, Mae Sot, Tak 63110, Thailand.
E-mail: binamojo@cscoms.com

# နှစ်တနှစ်ရဲ့ အဖြစ်အပျက် တချို့

☆ သစ်ပင်တွေ
အကြွေခံပြီး လမ်းပြ
အဖြစ်အပျက်တွေက မြန်လွန်းတယ်။

☆ ယုံကြည်ခြင်းကို
အလိုဆန္ဒနဲ့ တိုင်းရင်
ခရီးဟာ ကြမ်းတမ်းဝေးကွာနေပေမယ့်
အဖြစ်အပျက်တွေက မြန်လွန်းတယ်။

☆ ဆုပ်ကိုင်လက်တို့
အတွေ့ မနွေးတနွေးမှာ ...
ဒုက္ခနဲ့ ဘက်ပြိုင်ဖို့
ခံနိုင်ရည်အပြုံးများ မပြင်ဆင်ရသေးခင်
သစ္စာဆိုစကား
အသွေးအသားမှတဆင့်
နှလုံးအိမ်ထိ စီးဆင်းမသွားခဲ့မီ ...
အဖြစ်အပျက်တွေက မြန်လွန်းတယ်။

☆ အမှောင်ကို ရင်မဆိုင်ရဲတော့လို့
ထွက်ပြေးခြင်းမီးလျှံထဲ ဝင်တိုးနေကြရဲ့
တကယ်က ...
နံနက်ခင်းကို သတ္တိရှိရှိစောင့်ရမှာ။

ကမာပုလဲ
၄၊ ၁၊ ၂၀၀၃

# အဖွဲ့ချုပ်ပါတီဝင်များသာမက ဆွေမျိုးများပါ ထောက်လှမ်းရေးစောင့်ကြည့်နေ

ဒီဇင်ဘာလ(၃၁)၊ ဒီဗွီဘီ

ကရင်ပြည်နယ်အတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များနှင့် ဆွေမျိုးတော်စပ်သူ အစိုးရဝန်ထမ်းများ၏အမည်နှင့်ကိုယ်ရေးရာဇဝင်များအား အသေးစိတ်ပြုစုပေးထားရန် နအဖက နယ်မြေခံထောက်လှမ်းရေးများသို့ ညွှန်ကြားထားကြောင်း သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အဖွဲ့ဝင်သစ်များ လက်ခံနေချိန်တွင် အဆိုပါညွှန်ကြားချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အဖွဲ့ချုပ်တွဲဘက်အတွင်းရေးမှူး ဦးစောငွေစော၏ အကိုတော်စပ်သူ ဦးဝင်းမောင်၏ ကိုယ်ရေးမှတ်တမ်းအသေးစိတ်ကို မြို့နယ်အာဏာပိုင်များက စနစ်တကျပြုစုထားသည်ဟုဆိုသည်။

ဦးဝင်းမောင်သည် ရန်ကုန်မြို့တော်လျှပ်စစ်ဖြန့်ဖြူးရေးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် လက်ရှိတာဝန် ထမ်းဆောင်နေသူဖြစ်ကြောင်း (DVB)သတင်းဌာနက ဆိုသည်။

အလားတူ အဖွဲ့ချုပ်စည်းရုံးရေး ကော်မတီအဆင့်ဆင့်နှင့် လူမှုအထောက်အကူပြုအဖွဲ့ အဖွဲ့ချုပ်လူငယ်နှင့် အဖွဲ့ချုပ်အမျိုးသမီးအဖွဲ့များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားနေသူများ၏ မိသားစုဆွေမျိုးအသိုင်းအဝိုင်းထဲမှ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူများ၏ အမည်နှင့် ကိုယ်ရေးရာဇဝင်မှတ်တမ်းအသေးစိတ်များအား သက်ဆိုင်ရာအာဏာပိုင်များက စာရင်းပြုစုနေသည်ဟု ဖော်ပြထားသည်။

ကရင်ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း ယခုရက်များအတွင်း (NLD)အဖွဲ့ဝင်များ၏ နေအိမ်များသို့ ညအချိန်မတော် ဧည့်စာရင်း ဝင်ရောက်စစ်ဆေးမှုများပြုလုပ်နေပြီး အဖွဲ့ချုပ်အဖွဲ့ဝင် မဟုတ်သူများ၏နေအိမ်များကို စစ်ဆေးမှုမရှိကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် ယခုထိ ပြည်နယ် မြို့နယ် အဖွဲ့ချုပ်ရုံးခွဲများ လုံးဝပြန်လည်ဖွင့်လှစ်ခွင့်မရသေးကြောင်း သိရသည်။

❖ ❖ ❖


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

## သတင်းတိုထွာ

### ခာတ်ဆီဈေးနှုန်းများ ကြီးမြင့်လာ၍ လိုင်းကားဈေး တက်တော့မည်

ဇန်နဝါရီ၊ (၁၀)ရက်၊ (ရန်ကုန်)

ရန်ကုန်မြို့ရှိ ကိုယ်ပိုင်ကားများနှင့် အငှားမော်တော်ယာဉ်(တက္ကစီ)ကားများအား ခာတ်ဆီခွဲတမ်း ပိုမိုထုတ်ပေးတော့မည်ဖြစ်ကြောင်း သက်ဆိုင်ရာတို့က ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ကြေညာခဲ့သည်။

ယခင်က အဆိုပါမော်တော်ယာဉ်များအား တနေ့ (၂)ဂါလံနှုန်းနှင့် တလ ဂါလံ(၆၀) ထုတ်ပေးခဲ့ပြီး ယခုအခါ ပုံမှန်ရောင်းနေသည့် တနေ့ (၂)ဂါလံအပြင် တက္ကစီကားများအတွက် တလ ဂါလံ(၆၀)နှင့် ကိုယ်ပိုင်ကားများအား တလ (၁၀)ဂါလံ အပိုဆောင်း ထုတ်ပေးမည်ဟု ဆိုသည်။

သို့ရာတွင် ယခင်က ခာတ်ဆီတဂါလံလျှင် ကျပ်(၁၈၀)နှုန်းဖြင့် ရောင်းချခဲ့သော်လည်း ယခုအခါ တဂါလံ(၇၀၀)နှုန်းသို့ တိုးမြှင့်လိုက်ကြောင်း အစိုးရခာတ်ဆီဆိုင်များတွင် ကြေညာထားသည်ဟု သိရသည်။

ကိုယ်ပိုင်ကားများနှင့် တက္ကစီများအတွက် ယခုလို ခာတ်ဆီဝယ်ယူခွင့် ခွဲတမ်း တိုးမြှင့်ပေးထားသော်လည်း အများပြည်သူ စီးနင်းနေသည့် ဘတ်စ်ကားကြီးများအတွက် ခွဲတမ်းပါ မပါကိုမူ မသိရှိရသေးဟု ဆိုသည်။

ယခုလို ခာတ်ဆီဈေးနှုန်းများ တိုးမြင့်လာသည့်အတွက် ယခင်မြို့တွင်း ကားခ ကျပ်(၂၀)မှ ကျပ်(၅၀)ထိ မြင့်တက်လာဖွယ်ရှိကြောင်း ရန်ကုန်မြို့ခံတဦး၏ အဆိုအရ သိရှိရသည်။

### ဝန်ထမ်းလစာ (၅)ဆ တိုးမည့် သတင်းဖြစ်ပေါ်နေ

ဇန်နဝါရီ၊ (၁၀)ရက်

လာမည့် ဖေဖော်ဝါရီလမှစ၍ အစိုးရဝန်ထမ်းလစာငွေများ (၅)ဆတိုးပေးတော့မည်ဖြစ်ကြောင်း တနင်္သာရီတိုင်း ကမ်းရိုးတန်းတိုင်းမှူး ဗိုလ်ချုပ်သာအေးက ဇန်နဝါရီလ(၇)ရက်နေ့တွင် ကော့သောင်မြို့ မဋ္ဌူသကခန်းမတွင် ပြုလုပ်သည့် အစည်းအဝေး တခု၌ ထုတ်ဖော်ပြောဆိုသွားရာ အဆိုပါသတင်းသည် ဝန်ထမ်းများမှတဆင့် ပျံ့နှံ့သွားပြီး မြန်မာကျပ်ငွေတန်ဖိုး ရုတ်တရက် ကျဆင်းသွား၍ ကုန်ဈေးနှုန်းများလည်း ထိုးတက်သွားကြောင်း သိရသည်။ ဝန်ထမ်းများက တွေ့ဆုံဆွေးနွေးပွဲ အချိန်ဆွဲနိုင်ရန် ဝန်ထမ်းများအား စည်းရုံးသည့်သဘောဟု ယူဆနေကြပြီး အချို့က ကျပ်ငွေ ငါးထောင်တန် ငွေစက္ကူများ ထုတ်ဝေတော့မည်ဟု တွက်ဆနေကြကြောင်း သိရသည်။

### ဒေါ်လာသန်း (၂၀၀) အကြွေးတင်သည့် တရုတ်ပြည်ခရီး

ဇန်နဝါရီ၊ (၁၃)ရက်

စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အခြား နအဖ ထိပ်ပိုင်းခေါင်းဆောင်များပါဝင်သော မြန်မာအဖွဲ့သည် တရုတ်ပြည်ခရီးစဉ်အဖြစ် ဇန်နဝါရီလ (၆)ရက်နေ့မှ (၁၁)ရက်နေ့အထိ ဒုတိယအကြိမ် သွားရောက်ခဲ့ကြသည်။

အဆိုပါခရီးစဉ်အတွင်း တရုတ်ခေါင်းဆောင် သမတကြီး ကျန်ဇီမင်းအပါအဝင် အခြားထိပ်ပိုင်းခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြပြီး တရုတ်နိုင်ငံက မြန်မာ့စီးပွားရေး တိုးတက်လာရေးအတွက် အကူအညီအဖြစ် အမေရိကန်ဒေါ်လာ သန်း(၂၀၀)ကို ဦးစား ပေးချေးငွေအဖြစ် ပေးသွားမည်ဟု သိရသည်။

### ထိုင်းဘုရင့်သမီးတော် သီရိဒ္ဓိ မြန်မာပြည်သွားမည်

ဒီဇင်ဘာ၊ (၃၀)ရက်၊ (ဘန်ကောက်ပို့စ်)

မြန်မာနိုင်ငံသို့ လာမည့်မတ်လအတွင်း ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓိ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ဘန်ကောက်ပို့စ်သတင်းစာက အမှတ်(၃) တပ်မမှူး ဒုတိယဗိုလ်ချုပ်ကြီး အူဒုံချိုင်းအဆိုကို ကိုးကား၍ ဖော်ပြထားသည်။

ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ မိသားစုဝင်များ မသွားရောက်သည်မှာ ကြာပြီဖြစ်သည့် အဆိုပါခရီးစဉ်ကို ခမ်းနားစွာ ကြိုဆိုနိုင်ရေးအတွက် ယခုအချိန်ကတည်းက နအဖ စစ်အုပ်စုက ပြင်ဆင်မှုများ ပြုလုပ်နေပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံစီးပွားရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ရေး တိုက်တွန်းသွားမည်ဟုဆိုကြောင်း သိရသည်။

## နအဖ၏ မဟာဗျူဟာမြောက် စီးပွားရေးစီမံကိန်း ရယ်ရမလိုဖြစ်

ဇန်နဝါရီ၊ (၁၀)ရက်

မြန်မာနိုင်ငံ အလယ်ပိုင်း မြေလတ်ဒေသရှိ မြို့ရွာများအားလုံး အိမ်တအိမ် ကြက်နှစ်ကောင်၊ သစ်ငါးပင်စီမံကိန်း မပျက်မကွက် စိုက်ပျိုးမွေးမြူရမည်ဖြစ်ကြောင်း အာဏာပိုင်များက ညွှန်ကြားချက် ထုတ်ထားကြောင်း သိရှိရသည်။

ကြက်ထီးကြက်မတကောင်စီနှင့် သစ်ဆိမ့်ပင်(၅)ပင်ကို အိမ်တိုင်းအိမ်တိုင်း စိုက်ပျိုးမွေးမြူထားခြင်းဖြင့် ကုန်ဈေးနှုန်းများ ကျဆင်းလာပြီး စားဝတ်နေရေး အဆင်ပြေလာမည်ဖြစ်ကြောင်း ဒေသခံအာဏာပိုင်များက မြို့နယ်မယကရုံးများတွင် ပိုစတာများ၊ ဆိုင်းဘုတ်ကြီးများထောင်၍ လှုံ့ဆော်နေပြီး ရယကအဖွဲ့ဝင်များကလည်း တအိမ်တက်ဆင်း လိုက်လံလှုံ့ဆော်နေကြောင်း ဒေသခံတို့ အဆိုအရ သိရှိရသည်။

ယခုအခါ အဆိုပါညွှန်ကြားချက်ကြောင့် ဒေသခံတို့မှာ ငိုရခက် ရယ်ရခက်ဖြစ်နေကြကြောင်း သိရပြီး သစ်တောများတွင် တောင်ကုန်းများဖြစ်နေသည်ကို စိုက်ပျိုးရန် မစဉ်းစားဘဲ လူနေထူထပ်သည့် မြို့လယ်ခေါင် တိုက်တာအိုးအိမ်များကြား သစ်(၅)ပင်၊ ကြက်(၂)ကောင် စိုက်ပျိုးမွေးမြူရမည်ဆိုသည့်စီမံကိန်းအတွက် နအဖအာဏာပိုင်တို့၏ ရွှေဥာဏ်တော်စူးရောက်ပုံကိုသာ အံ့ချီးမခမ်းဖြစ်နေကြပါကြောင်း ဒေသခံတဦး၏ အဆိုကို ကိုးကား၍ ဒီမိုကရက်တစ်မြန်မာ့အသံမှ ထုတ်လွှင့်သွားသည့် သတင်းတပုဒ်တွင် ကြားနာလိုက်ရသည်။ ❖

## စပါးမရောင်းသည့် လယ်သမားများ ခြိမ်းခြောက်ခံနေရ

ဘိုကလေးမြို့နယ်အတွင်း ကုန်သွယ်လယ်ယာက ပြင်ပပေါက်ဈေးထက် စပါးဈေးနှိမ်၍ ဝယ်ယူနေသည့်အတွက် လယ်သမားများနှင့် အာဏာပိုင်များ ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွားနေကြောင်း သိရသည်။

ရောဝတီတိုင်း ဘိုကလေးမြို့နယ် တံစဉ်ငို ကျေးရွာမှ လယ်သမားများအား မြို့နယ်အာဏာပိုင်များက (၂၀၀၂-၂၀၀၃)ခုနှစ်အတွက် စပါးတင်း(၁၀၀)လျှင် ကျပ်(၃၂၀၀၀)နှင့် ထုတ်၍ ရောင်းချရန် အမိန့်ပေးထားရာ ပြင်ပပေါက်ဈေး တင်း(၁၀၀)လျှင် ကျပ်(၁၆၀၀၀၀)ကျော်ရှိနေသည့်အတွက် လယ်သမားများက မရောင်းနိုင်ကြောင်း ငြင်းဆိုခဲ့ကြသည်ဟု ဆိုသည်။

ထိုသို့ငြင်းဆိုခဲ့သည့် တံစဉ်ငိုကျေးရွာမှ လယ်သမား(၁၉)ဦးတို့အား စပါးမရောင်းချသည့်အတွက် ဘိုကလေးမြို့နယ် မယကဥက္ကဋ္ဌ ဦးစံမြင့်နှင့်အဖွဲ့က အစိုးရဆန့်ကျင်ရေး လှုပ်ရှားသူများအဖြစ် ခြိမ်းခြောက်စွပ်စွဲခဲ့ကြကြောင်း ထိုအထဲတွင်ပါဝင်သည့် လယ်သမားတဦး၏အဆိုအရ သိရှိရသည်။

၎င်း၏အဆိုအရ ကုန်သွယ်လယ်ယာက စပါးတင်း(၁၀၀)လျှင် ကျပ်(၃၂၀၀၀)ဖြင့် ပေးချေသည်ဆိုသော်လည်း စပါးဒိုင်မှ ပေါင်ချိန် ခိုးယူခြင်း၊ မယကမှ ရုံပုံငွေကောက်ခံနေခြင်းများကြောင့် ဈေးနှိမ်ထားသည့်တန်ဖိုးငွေပင် လယ်သမားများ အပြည့်အဝ မရရှိကြောင်း သိရသည်။ ❖

## တိုင်းရင်းသားများ မသိခဲ့သည့် တိုင်းရင်းသားစံပြ ကျေးရွာတရွာဖွင့်လှစ်

တိုင်းရင်းသား ခေါင်းဆောင်များအား တစုံတရာ အသိပေးတိုင်ပင်ညှိနှိုင်းခြင်း မပြုဘဲ စံပြတိုင်းရင်းသားကျေးရွာဟု အမည်ပေးထားသည့် နိုင်ငံတကာအဆင့်မီ ကျေးရွာတရွာကို ဒီဇင်ဘာလ(၂၇)ရက်နေ့တွင် နအဖက အခမ်းအနားတရပ်ပြုလုပ်၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တဘက်ကမ်း သံလျင်တံတားအနီး အထူးတည်ဆောက်ထားသည့် ထိုကျေးရွာကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသင်္ကေတအဖြစ် နိုင်ငံတကာ အဆင့်မီ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လာရောက်လည်ပတ်သူတိုင်းအား တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေသွားမည်ဟု သတင်းက ဆိုသည်။

အဆိုပါကျေးရွာစီမံကိန်းကို ဗိုလ်ချုပ်ခင်ညွှန့်ဦးစီးသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးကော်မတီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မကြာခင် 'ဝ'နှင့် 'ကိုးကန့်'တိုင်းရင်းသားများ လာရောက်လေ့လာ လည်ပတ်ကြမည်ဖြစ်ကြောင်း နအဖက ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် အဆိုပါကျေးရွာတည်ဆောက်ခဲ့ခြင်းနှင့်ပတ်သက်၍ ဇိုမီးအမျိုးသားကွန်ဂရက်ပါတီမှ ဥက္ကဋ္ဌဦးပူကျင့်ရှင်းထန်က မိမိတို့ တိုင်းရင်းသားများကို အသိမပေးဘဲ တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ယခုလို စံပြတိုင်းရင်းသားကျေးရွာတရွာ တည်ဆောက်ပေးရုံနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရမည်ဆိုတာလဲ လက်တွေ့မကျကြောင်း၊ တိုင်းရင်းသားများကိစ္စ တိုင်းရင်းသားများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း မရှိဘဲ ခုလိုလုပ်ခြင်းအပေါ် မိမိတို့နားမလည်မှုဖြစ်ရကြောင်း ပြောကြားသွားခဲ့ပြီး ၎င်းတို့အနေဖြင့် အဆိုပါကျေးရွာသို့ သွားရောက်ကြည့်ရှုလိုသည့်တိုင် ခွင့်ပြုမည် မထင်ကြောင်း ဝေဖန်ပြောကြားသွားခဲ့သည်ဟု သိရသည်။

❖ ❖ ❖

## မောင်တော နစက အမိန့်အာဏာ ပါဝါပြ

ဇန်နဝါရီ၊ (၄)ရက်
(Kaladan Press Network)

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နယ် အတွင်းရှိ ကျေးရွာများတွင် နေထိုင်သည့် ရိုဟင်ဂျာအမျိုးသမီး(၄၀) တို့အား နစက က အမိန့်ဖီဆန်မှုဖြင့် ထောင်ဒဏ်(၂)နှစ်စီ ချမှတ်လိုက်ကြောင်း (Kaladan Press Network) သတင်းအရ သိရှိရသည်။

ထိုသို့ ထောင်ဒဏ်အပြစ်ပေးခြင်း ခံရသည့် အမျိုးသား(၂၉)ဦးနှင့် အမျိုးသမီး(၁၁)ဦးတို့ပါဝင်သော အဆိုပါရိုဟင်ဂျာလူမျိုးများသည် မောင်တောမြို့နယ် တောင်ပိုင်းရှိ ကာဒိရ်ဘိလ် (ညောင်ချောင်းရွာ)၊ နောလ်ဘော်နီယာ (ပန်းတောပြင်ရွာ)နှင့် သာရ်ကုန်ဘောင် (သရေကုန်တန်း)ကျေးရွာများရှိ ၎င်းတို့ပိုင် လယ်မြေများတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် အိမ်ယာဆောက်လုပ်၍ နေထိုင်ခဲ့ကြသူများဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် လွန်ခဲ့သည့်နှစ် ဩဂုတ်လက မောင်တော နစကရုံးမှနေ၍ ထိုအိမ်များ ဖြိုဖျက်၍ နေရာမှ ဖယ်ရှားပေးရန် အမိန့်ပေးခဲ့ပြီး မဖျက်လိုပါက နစကအတွက် တအိမ်လျှင် ကျပ်ငွေ (၂)သိန်းပေးရမည်ဟု ညွှန်ကြားချက်ထုတ်ခဲ့သည်။

ထို့ကြောင့် ကျေးရွာသားများက နစက လက်အောက်ခံ ဗိုလ်ဇော်ဟိန်းနှင့် ကျေးရွာဥက္ကဋ္ဌများထံ ညွှန်ကြားချက်အတိုင်း ကျပ်ငွေ (၂)သိန်းစီပေး၍ နေထိုင်ခဲ့ကြသော်လည်း ဒီဇင်ဘာလ(၉)ရက်နေ့တွင် အဆိုပါရွာသားများအား နစက နယ်မြေမှူးက မောင်တောမြို့သို့ ဖမ်းဆီးခေါ်ဆောင်၍ အမိန့်ဖီဆန်မှုဖြင့် နေ့ချင်း ထောင်ဒဏ်(၂)နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးခဲ့ရသူ ရိုဟင်ဂျာအမျိုးသားများကို ဘူးသီးတောင်အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ပြီး အမျိုးသမီးများကို စစ်တွေအကျဉ်းထောင်သို့ ပို့ခဲ့ကြောင်း သိရသည်။ စစ်တွေမြို့သို့ ရိုဟင်ဂျာလူမျိုးများ သွားလာခွင့်မရှိသည့်အတွက် ၎င်းတို့၏အခြေအနေ မည်သို့မျှမသိရကြောင်း ဒေသခံရိုဟင်ဂျာလူမျိုးတဦးက (Kaladan) သတင်းဌာနသို့ပြောကြားခဲ့သည်ဟု ဆိုသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မောင်တောတရားရုံးမှ တရားသူကြီးများက ထောင်ဒဏ် မချမှတ်နိုင်ကြောင်း ငြင်းဆိုခဲ့သော်လည်း နစကနယ်မြေမှူး၏ အမိန့်အရ ယခုလို အပြစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

❖ ❖ ❖

# တိုက်ပွဲသတင်းများ



တပ်မဟာ(၇)၊ (ဘားအံခရိုင်)

ဒီဇင်ဘာ(၂၅)ရက်နေ့ နိုကေနယ်မြေတွင် (ဝ၈း၃ဝ)နာရီ၌ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးထွန်းမြင့် ဦးစီးသည့် ခမရ–(၂၃ဝ၊ ၂၃၁၊ ၅၄၇၊ ၅၄၈) စစ်ကြောင်းအား ကေအဲန်ယူ တပ်ရင်း(၁ဝ၁)မှ ပြောက်ကျားတပ်ဖွဲ့တဖွဲ့က အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နအဖ စစ်သား(၂)ဦးဒဏ်ရာရရှိ။

ဒီဇင်ဘာ(၂၇)၊ နအဖတပ်ဖွဲ့များနှင့် ကေအဲန်ယူတပ်ရင်း(၁ဝ၁)မှ ပြောက်ကျားတပ်ဖွဲ့တို့ (၁၇း၂၅)နာရီတွင် တိုက်ပွဲဖြစ်ပွားခဲ့။ သေပျောက်ဒဏ်ရာရစာရင်း မသိ။

ဒီဇင်ဘာ(၂၈)၊ (၁၄း၀၄)နာရီတွင် နအဖတပ်ဖွဲ့အား တပ်ရင်း(၁ဝ၁) ကေအဲန်ယူ ပြောက်ကျားတပ်ဖွဲ့က အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်။ သေဆုံး၊ဒဏ်ရာရစာရင်း မသိရ။

ဒီဇင်ဘာ(၂၉)။ (ဝ၈း၀၂)နာရီတွင် နအဖ တပ် ခမရ(၂၃ဝ၊၂၃၁)တို့နှင့် မိမိတပ်ရင်း(၁ဝ၁)တို့ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖတပ်သား(၂)ဦး ကျဆုံး။ (၁၆)ဦး ဒဏ်ရာရ။

ဒီဇင်ဘာ(၃၁)၊ (၁၅း၀၀)နာရီတွင် နအဖတပ်ဖွဲ့တဖွဲ့ကို ကေအဲန်ယူပြောက်ကျားတပ်ဖွဲ့တဖွဲ့က အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နအဖစစ်သား (၆)ဦး ဒဏ်ရာရ။

ဇန်နဝါရီ(၂)၊ (၂၀း၀၀)နာရီအချိန်တွင် ဒီကေဘီအေတပ်ဖွဲ့တဖွဲ့နှင့် ကေအဲန်ယူ တပ်ဖွဲ့တို့ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖတပ်ဖွဲ့ထံမှ ကာဘိုင်(၁)လက်၊ ကျည်(၃၅)တောင့်၊ နင်းမိုင်း(၂)လုံး၊ ယူနီဖောင်း(၄)စုံ သိမ်းဆည်းရမိ။

ဇန်နဝါရီ(၄)၊ (၁၁း၃၅)အချိန် ရန်သူ ခမရ(၅၄၉)တပ်နှင့် ကေအဲန်ယူတပ်ဖွဲ့တို့ နိုကေကျေးရွာအနီး ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ (၃)ဦးသေ၊ (၇)ဦး ဒဏ်ရာရ။

ဇန်နဝါရီ(၅)ရက်၊ (၁၄း၃၅)အချိန်တွင် မယ်ဖားလယ်တွင် တိုက်ပွဲဖြစ်ပွားရာ နှစ်ဘက် ထိခိုက်ကျဆုံးမှုသတင်း မရရှိခဲ့။

ဇန်နဝါရီ(၆)၊ ထိုနေ့တရက်တည်းတွင် တိုက်ပွဲ(၃)ကြိမ်ဖြစ်ပွားခဲ့ရာ ဒီကေဘီအေတပ်သား(၂)ဦး ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။

ဇန်နဝါရီ(၇)၊ (၁၈း၁ဝ)နာရီတွင် နအဖတပ် ခမရ(၂၅ဝ)မှ တပ်ကြပ်ကြီးတဦး မိုင်းထိမှန် ဒဏ်ရာရရှိ။

# လူ့အခွင့်အရေးချိုးဖောက်မှုသတင်းများ

တပ်မဟာ(၇)၊ (ဘားအံခရိုင်)

ဗိုလ်မှူးကြီးထွန်းမြင့် ဦးစီးသည့် စစ်ကြောင်းတကြောင်းသည် နယ်မြေခံကျေးရွာသားများဖြစ်ကြသည့် ဖားကျိုးပါးထံမှ ဆိတ်တကောင်၊ ပက်ပက်မီးထံမှ ဆန်(၄)တင်း၊ စောထူးအဲထံမှ နွားတကောင်၊ သိန်းချိုမိုးထံမှ ဆိတ်တကောင်၊ စောကျော့ရယ်ထံမှ ဆိတ်တကောင်တို့ကို အတင်းအဓမ္မ လုယူစားသောက်ခဲ့သည်။

ထို့ပြင် ဖားကထေး၊ ဖားကလောမိုး၊ ဖားတကီးပါ၊ ဖားအယ်၊ ဖူးတကဲတို့ထံမှ လက်ပတ်နာရီတလုံးစီ လုယူသွားခဲ့ပြီး လူများကိုလည်း ရိုက်နှက်နှိပ်စက်သွားကြသည်။ ထို့ပြင် အနီးတဝိုက်ရွာများမှ ဆန်အတင်း (၆ဝ)နှင့် အိမ်မွေးကြက်၊ ဘဲများပါမကျန် လုယူစားသောက်ခဲ့ကြသည်။

နယ်မြေ(၃)နယ်မြေမှ ရွာသားများကိုလည်း နေ့စဉ် ကျောက်ကောက်လုပ်အားပေး ခိုင်းစေခဲ့သည်။ တိုက်ပွဲဖြစ်ပွားသည့် ရွာများတွင် ရွာသားများအား အပြင်ထွက်ခွင့် လုံးဝမပြုဘဲ ထားခဲ့ကြောင်း သိရသည်။

၄–၁–၂၀၀၃ နေ့တွင် တပ်မ(၂၂) တပ်ရင်း(၂၀၃)မှ စစ်ကြောင်းမှူး မောင်မောင်စိုး ဦးစီးသည့်အဖွဲ့သည် ကွီးလေးရွာသို့ရောက်ရှိလာပြီး နောက်နေ့တွင် ထီးဘလလုထာရွာမှ ရွာသားဖိုးကေ့ကို ကွီလေးရွာသို့ ပြန်ခေါ်ပြီး ရိုက်နှက်ကာ ငွေ(၆ဝဝဝဝ) လုယူသွားခဲ့သည်။ မောင်မောင်စိုးနှင့်အဖွဲ့သည် အဆိုပါကျေးရွာများမှ ရွာသူရွာသားများအား လမ်းပြင် လမ်းဖောက် စေခိုင်းခဲ့ကြောင်း သိရသည်။

❖ ❖ ❖

# နယ်စပ်တိုက်ပွဲများကြောင့် ထိုင်း–မြန်မာရွာသားများ ဘေးလွတ်ရာ ရှောင်တိမ်း

ဇန်နဝါရီ၊ (၉)ရက်

ဇန်နဝါရီလ(၇)ရက်နေ့ နေ့လည်ပိုင်းက ထိုင်း–မြန်မာနယ်စပ်မှ မိုင်ဝက်ခန့် ဝေးသည့် လေးဖော်ကျေးရွာတွင် နအဖ စစ်တပ်နှင့် ကေအဲန်ယူတပ်ဖွဲ့တို့ တိုက်ပွဲများ အဆက်အပြတ်ဖြစ်ပွားနေသည့်အတွက် နယ်စပ်နေ ထိုင်း–မြန်မာကျေးရွာသားများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း သတင်းရရှိသည်။

နယ်စပ်မှ မိုင်ဝက်ခန့်ဝေးသည့် မြန်မာဘက်ခြမ်း အဆိုပါကျေးရွာအနီး လက်နက်ကြီးများ သုံး၍ တိုက်ပွဲများ အဆက်မပြတ်ဖြစ်ပွားလျက်ရှိရာ ထိုကျေးရွာနေ ရွာသူရွာသား ကလေးလူကြီး(၃၇၄)ဦးတို့သည် ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြကြောင်း သိရသည်။ ထိုသို့ ထွက်ပြေးတိမ်းရှောင်လာသူများအား UNHCR ခေါ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဌာနေတာဝန်ခံများက သွားရောက်တာဝန်ယူ ကူညီစောင့်ရှောက်ပေးနေကြောင်း ထိုင်းစစ်တပ်အရာရှိတဦး၏ အဆိုအရသိရသည်။

ထိုသို့ တိုက်ပွဲများဖြစ်ပွားနေခြင်းကြောင့် ထိုင်းဘက်ခြမ်းကျေးရွာများတွင် နေထိုင်သည့် ထိုင်းရွာသား(၂၀၀)ကျော်တို့သည် နယ်စပ်မှ (၅)မိုင်ခန့်ဝေးသည့် ဖုတ်ဖမြို့နယ်ထဲသို့ ညတွင်းချင်းတိမ်းရှောင်လာခဲ့ကြပြီး ရာ့ဖိုးနှင့် မယ်ဟော်ဟူးကျေးရွာမှ ထိုင်းစာသင်ကျောင်း (၂)ကျောင်းကိုပါ ရက်အကန့်အသတ်မရှိ ပိတ်ပစ်ခဲ့ရကြောင်း နယ်စပ်မှလာသည့်သတင်းများအရ သိရသည်။

❖ ❖ ❖

# မြို့သစ်စီမံကိန်းကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးပေဦးမည်

ဇန်နဝါရီလ၊ (၈)ရက်

မကွေးတိုင်း ရေစကြိုမြို့နယ် ဖူလုံကျေးရွာအုပ်စုရှိ ဧက(၁၅၀)အကျယ် အကွက်ပေါင်း (၂၀၀၀)ခန့်ကို ခရိုင်အုပ်ချုပ်ရေးအဖွဲ့က မြို့သစ်တည်ရန် အစီအစဉ်ရေးဆွဲနေကြောင်း ဒေသခံများ အဆိုအရ သိရသည်။

အဆိုပါမြို့သစ်မှာ မန္တလေး–မုံရွာကားလမ်းပေါ်တွင် တည်ရှိမည်ဖြစ်ပြီး သက်တမ်းရှည် ထန်းတောများနှင့် ပြောင်း၊ ပဲစဉ်းငုံ စိုက်ပျိုးမြေများတွင် တည်ဆောက်မည်ဖြစ်သည့်အတွက် မြေပိုင်ဆိုင်သူ တောင်သူကြီးများက ကျေနပ်မှုမရှိကြကြောင်း သိရသည်။ မြေပိုင်ဆိုင်သူများအတွက် လျော်ကြေးငွေမှာ မဖြစ်စလောက်သာ ပေးခဲ့သည်ဟု ဆိုသည်။ ထို့ပြင် လက်ရှိကျေးရွာကြီး တရွာဖြစ်သည့် တမာတန်းကျေးရွာမှ တိုက်တာ၊ အိမ်ခြေများကိုလည်း ဖျက်ပေးရမည်ဖြစ်သည့်အတွက် စီမံကိန်းကို ဖျက်ပေးရန် ဒေသခံများက အထက်ကို တင်ပြနေသော်လည်း ခရိုင်အာဏာပိုင်များက မြို့သစ်တွင်နေရာချထားရေးအတွက် လျှောက်လွှာတစောင်ကို ကျပ်(၁၀၀)နှုန်းနှင့် ရောင်းချနေပြီဟု ဆိုသည်၊ ယခုအချိန်ထိ လျှောက်လွှာစောင်ရေ (၃၀၀၀)ကျော် ရောင်းချပြီးဖြစ်ကြောင်းနှင့် လမ်းဘေးနေရာကောင်းများကို အာဏာပိုင်များနှင့် နီးစပ်သူများကသာ ရရှိနိုင်မှာဖြစ်ကြောင်း ဒေသခံများက ပြောကြားခဲ့ကြသည်၊

၁၉၉၅ ခုနှစ်ကလည်း ယခုလို စီမံကိန်းမျိုး ရေးဆွဲခဲ့ရာ ထန်းတောပိုင်ရှင်များနှင့် ဆရာတော်ဘုန်းကြီးများက ရန်ကုန်အာဏာပိုင်များထံ သွားရောက်အရေးဆိုခဲ့သည့်အတွက် ပျက်ကွက်သွားခဲ့ဖူးကြောင်း သိရသည်။

❖ ❖ ❖

မိုးကြိုးသတင်းစဉ်

သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

BINA
Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချီသည်။

အယ်ဒီတာ
ခင်လွန်း

# နတ်မောက်လယ်သမားများ အာဏာပိုင်များနှင့် ထိပ်တိုက်တွေ့နေရ

ဘုရားပြင်ဆင်ရန် အကြောင်းပြချက်ဖြင့် မကွေးတိုင်းအတွင်းရှိ မြို့နယ်အာဏာပိုင်များက လယ်သမားများထံမှ အဓမ္မအလှူငွေများ ကောက်ခံနေကြောင်း နတ်မောက်မြို့ဒေသခံများအဆိုအရ သိရှိရသည်။

မကွေးတိုင်း တောင်တွင်းကြီးမြို့ရှိ အောင်မြင်ဇေယျ(ဒေသအခေါ် ရခိုင်ဘုရားကြီး) ဘုရားပြင်ဆင်ရန် အကြောင်းပြချက်ဖြင့် လယ်ဧက(၂)သိန်းနီးပါးရှိသော နတ်မောက်မြို့နယ်အတွင်းနေ လယ်သမားများထံမှ တဧကလျှင် ကျပ်(၂၀၀)နှုန်းဖြင့် အဓမ္မအလှူငွေများ ကောက်ခံလျက်ရှိရာ ယခုနှစ်အတွင်း မိုးများပြီး သီးနှံအထွက်ကျဆင်းခဲ့မှုကြောင့် လယ်သမားအချို့က ပေးရန် ငြင်းဆိုခဲ့ကြကြောင်း သိရသည်။

ထိုသို့ အဓမ္မအလှူငွေမပေးသည့် လယ်သမားများအား နတ်မောက်မြို့အာဏာပိုင်များက လယ်ယာမြေများ သိမ်းဆည်းပစ်မည်ဖြစ်ကြောင်း အကြပ်ကိုင်ပြောဆိုနေရာ ဒေသခံလယ်သမားများအတွက် အခက်အခဲကြုံတွေ့နေရသည်ဟု ဆိုသည်။

အလားတူ မကွေးတိုင်းအတွင်းရှိ ရေနံချောင်း၊ ထီးလင်းနှင့် အခြားမြို့နယ်များတွင်လည်း တောင်သူလယ်သမားများထံမှ မြေတဧကလျှင် ကျပ်(၁၀၀)နှုန်းဖြင့် အဓမ္မအလှူငွေများ ကောက်ခံနေကြောင်း ဒေသခံတို့အဆိုအရ သိရသည်။

❖ ❖ ❖

# အန္တရာယ်များကြားမှ တိုင်းရင်းသားများ၏ ထောက်ခံမှုအပြည့်အဝရရှိ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်အားတက်

## နှောင့်ယှက်ဟန့်တားသူများ၏လုပ်ရပ်သာ အဖျက်သမားများ၏လုပ်ရပ်ဖြစ်

ဒီဇင်ဘာလ(၃၁)ရက်၊ ရန်ကုန်

၂၀၀၂ ခုနှစ်အတွင်း တိုးတက်မှုအချို့ ရှိခဲ့သော်လည်း နိုင်ငံအတွက် လိုအပ်သလောက် ဖြစ်ထွန်းခဲ့ခြင်း မရှိသေးကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာ(၃၁)ရက်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ (၉)ရက်ကြာ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ကြုံတွေ့ခဲ့ရသည့် ဟန့်တားနှောင့်ယှက်မှုများနှင့် မြန်မာ့နိုင်ငံရေး အခြေအနေများကို ရှင်းလင်းပြောကြားသွားပြီး မွန်၊ ရှမ်း၊ ရခိုင်ပြည်နယ်များတွင် ပြည်သူလူထုများ၏ ထောက်ခံအားပေးမှုများ ရရှိခဲ့သည့်အတွက် အားတက်မိကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားများနှင့် ဗမာများအကြား ကွဲပြားခြားနားမှု မရှိသည်ကို တွေ့ရသည့်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးတွင် အားတက်စရာ ကောင်းကြောင်း၊ မြန်မာနိုင်ငံတွင် အပြောင်းအလဲများဖြစ်ပေါ်လာရေးအတွက် အချင်းချင်းလက်တွဲဆောင်ရွက်နေကြောင်းကိုလည်း ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာလအတွင်း (၉)ရက်ကြာ သွားရောက်ခဲ့သည့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းခရီးစဉ်များအတွင်း ဟန့်တားနှောင့်ယှက်မှုများသည် နေရာဒေသတိုင်းတွင် တပုံစံတည်းဖြစ်နေသည့်အတွက် ဒေသဆိုင်ရာအာဏာပိုင်တွေက ဖန်တီးခြင်းမဟုတ်ဘဲ ဗဟိုအာဏာပိုင်များ၏ ညွှန်ကြားချက်ကြောင့်သာဖြစ်နိုင်ကြောင်း၊ အဆိုပါလုပ်ရပ်သည်သာ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို နှောင့်ယှက်သည့် အဖျက်သမားများ၏ လုပ်ရပ်ဖြစ်ကြောင်း ဝေဖန်ပြောကြားသွားခဲ့သည်။

ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်က မြန်မာ့နိုင်ငံရေးအခြေအနေအရပ်ရပ်ကို ပြောကြားခဲ့ရာတွင် "အဆိုပါလုပ်ရပ်သည်သာ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်ကို နှောင့်ယှက်သည့် တကယ့်အဖျက်သမားများ၏ လုပ်ရပ်ဖြစ်ကြောင်း" အတိအလင်း ထုတ်ဖော်ပြောဆိုသွားခဲ့သည်။

မိမိတို့အနေဖြင့် နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိအမြန်ဆုံးလွှတ်ပေးရန် အစဉ်တစိုက်တောင်းဆိုနေသော်လည်း နိုင်ငံရေးအကျဉ်းသား အနည်းအကျဉ်းသာ လွှတ်ပေးခဲ့ကြောင်း၊ အဖွဲ့ချုပ်ရုံးခွဲအချို့ ပြန်ဖွင့်ခွင့်ရခဲ့သော်လည်း မျှော်မှန်းထားသည့် နှုန်းအတိုင်း ဖွင့်လှစ်နိုင်ရန် အာဏာပိုင်များဘက်က အဆင်သင့်မဖြစ်သေးကြောင်း တက်ရောက်လာသူ သတင်းထောက်များအား ရှင်းလင်းပြောကြားသွားခဲ့သည်။

ထို့နောက် ပြည်သူလူထု၏ အခြေအနေနှင့်ပတ်သက်၍ ပြောကြားရာတွင် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကဏ္ဍများတွင် ပြည်သူများ၏ စိုးရိမ်ပူပန်မှုကြီးမားစွာ ခံစားနေကြရကြောင်း၊ တောင်သူလယ်သမားများအရေးတွင်လည်း လယ်ယာထွက်ကုန်များအပေါ် တာဝန်ကျေအဖြစ် သတ်မှတ်ထားသည့်နှုန်းထားနှင့် ရောင်းချနေကြရသည့်အတွက် တောင်သူလယ်သမားများတွင် ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးကျရောက်နေကြကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။

လူငယ်များအရေးနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က လူငယ်များသည် အဲန်အယ်လ်ဒီကို ထောက်ခံကြရုံမက နိုင်ငံ၏ ပြဿနာကို ကောင်းကောင်းသဘောပေါက်ကြကြောင်း၊ ပြဿနာကို ဘယ်လိုဖြေရှင်းရမည် မသိသည့်တိုင် တခုခုလုပ်ရန်လိုသည် ဆိုခြင်းကို သိရှိကြပြီး ပညာကောင်းကောင်း လိုချင်ကြကြောင်း၊ မြန်မာနိုင်ငံ၏ပညာရေးစနစ်သည် နိုင်ငံ၏လိုအပ်ချက်၊ ကမ္ဘာ့လိုအပ်ချက်များနှင့် ကိုက်ညီရမည်ဟု သဘောပေါက်ကြကြောင်း၊ နိုင်ငံတဝှမ်းလုံးရှိ လူငယ်များသည် ပိုမိုပွင့်လင်းသည့် လူ့အသိုင်းအဝိုင်းကို လိုလားကြပြီး စိတ်သဘောထားများ တူညီကြကြောင်း ကျယ်ကျယ်ပြန့်ပြန့်ပြောကြားသွားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများ၏မေးခွန်းများကို ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ဖြေကြား ရှင်းလင်းသွားခဲ့ရာ သတင်းထောက်တဦးက နအဖကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၉ ခုနှစ်ကကဲ့သို့ ထိပ်တိုက်ရင်ဆိုင်သည့်နည်းများသုံးစွဲနေကြောင်း ဖော်ပြထားသဖြင့် တွေ့ဆုံဆွေးနွေးပွဲအလားအလာ မှေးမှိန်သွားသည်ဟု မထင်ဘူးလားဟု မေးမြန်းခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်က အာဏာပိုင်တွေက ကျမတို့ရဲ့ တုန့်ပြန်မှုက ထိပ်တိုက်ရင်ဆိုင်ရာရောက်တယ်လို့ဆိုရင် ပထမဘာဖြစ်လို့ ပိတ်ဆို့မှုများ လုပ်လဲဆိုတာ ရှင်းပြသင့်ကြောင်း ပြန်လည်ဖြေကြားခဲ့ပြီး ဆွေးနွေးပွဲအလားအလာနှင့် ပတ်သက်၍ အခြေအနေ အဖြစ်အပျက်များကို ကြည့်ပြီး ဆွေးနွေးပွဲအပေါ် အာဏာပိုင်များ၏ စေတနာကို ခန့်မှန်းနိုင်ကြောင်း ပြန်လည်ပြောကြားသွားခဲ့သည်။

ထိုမေးမြန်းမှုများအတွင်း ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်သူလူထု၏ ပြောင်မြောက်သည့်သတ္တိနှင့် ထောက်ခံမှုကို ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားသွားခဲ့ပြီးနောက် နှောက်ယှက်ဟန့်တားမှုများ ပြုလုပ်ခဲ့သည့် ကြံ့ဖွံ့အဖွဲ့အား လူမှုရေးအဖွဲ့အစည်းတခု မဟုတ်ဘဲ နိုင်ငံရေးတွင် ဝင်ရှုပ်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း ပြစ်တင်ဝေဖန်ပြောကြားသွားခဲ့သည်ဟု သိရသည်။

❖ ❖ ❖



# ၅၅ နှစ်မြောက်လွတ်လပ်ရေးနေ့တွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ တပ်မတော်သို့ ပြောကြားချက်

(ဗွီအိုအေအသံလွှင့်ဌာနမှ ကောက်နှုတ်သည်)

တပ်မတော်အပေါ်မှာ ပြောချင်တာက လွတ်လပ်ရေးကို ရယူခဲ့တယ်ဆိုတာ တပ်မတော်နဲ့ ပြည်သူ လက်တွဲပြီးမှ ရယူခဲ့တဲ့ကိစ္စပဲ။ အစကတည်းက တပ်မတော်ကို စပြီးဖွဲ့စည်းကတည်းက မြန်မာ့လွတ်လပ်ရေးတပ်မတော်၊ ပြည်သူတွေ လွတ်လပ်ဖို့အတွက်ဆိုပြီးတော့ ဖွဲ့စည်းခဲ့တဲ့ တပ်မတော်ဖြစ်တယ်။ ဒါကြောင့်မို့ တပ်မတော်ရဲ့ အဓိကတာဝန်တခုအဖြစ် ပြည်သူတွေရဲ့ လွတ်လပ်မှုကို ကာကွယ်ဖို့ပဲဖြစ်တယ်။ ဒီတော့ ဖေဖေကလည်း ပြောခဲ့သေးတယ်။ "တကယ့်လွတ်လပ်ရေးဆိုတာဟာ တိုင်းပြည်လွတ်လပ်ရေးတင် မဟုတ်ဘူး။ ပြည်သူတွေရဲ့ လွတ်လပ်ရေးဖြစ်ရမယ်။ တိုင်းပြည်က လွတ်လပ်ပြီးတော့ ပြည်သူတွေက မလွတ်လပ်ဘူးဆိုရင် စစ်မှန်တဲ့လွတ်လပ်ရေး မဟုတ်ဘူး"ဆိုတာ ဖေဖေကိုယ်တိုင်ပြောခဲ့တာပဲ။ တပ်မတော်ကို ဖေဖေက ဖွဲ့ခဲ့တာ ဘာရည်ရွယ်ချက်နဲ့ ဖွဲ့ခဲ့သလဲဆိုတာ ဒီစကားတွေက ထင်ရှားစေပါတယ်။

ဒီလို မြန်မာ့လွတ်လပ်ရေးနေ့အခါသမယမှာဆိုလို့ရှိရင် တပ်မတော်ဟာ ပြည်သူတွေနဲ့ လက်တွဲပြီးတော့ ပြည်သူထုထုရဲ့ လွတ်လပ်မှုတွေ၊ ပြည်သူလူထုရဲ့ အခြေခံအခွင့်အရေးတွေကို ကာကွယ်တဲ့၊ အင်မတန်မှ ဂုဏ်သိက္ခာရှိပြီးတော့ ပြည်သူတွေက လေးစားချစ်ခင်တဲ့ အဖွဲ့အစည်းတခုအဖြစ်နဲ့ ရပ်တည်စေချင်ပါတယ်။

(အောင်ဆန်းစုကြည်)

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်

၅၅ နှစ်မြောက် လွတ်လပ်ရေးနေ့

---

# ဆွေးနွေးပွဲ အမြန်ဆုံး မစတင်နိုင်ပါက မမျှော်မှန်းနိုင်သောဆိုးကျိုးများဖြစ်ပေါ်လာနိုင် ဝါရင့်နိုင်ငံရေးသမားကြီးများ၏ လွတ်လပ်ရေးနေ့ ပန်ကြားလွှာ နအဖသို့ ပေးပို့

ဇန်နဝါရီလ (၄)ရက်၊ ရန်ကုန်

မြန်မာ့လွတ်လပ်ရေးအတွက် ဦးဆောင်ကြိုးပမ်းလှုပ်ရှားခဲ့သူ ဝါရင့်နိုင်ငံရေးသမားကြီးများက (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့အောင်ပွဲအခမ်းအနားတရပ်ကို ရန်ကုန်မြို့တွင် ထိုနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုအခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခေါင်းဆောင်များဖြစ်ကြသည့် ဥက္ကဋ္ဌဦးအောင်ရွှေ၊ ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အပါအဝင် တိုင်းရင်းသားပါတီများမှ ခေါင်းဆောင်ကြီးများ၊ ဒီမိုကရေစီရေး ကြိုးပမ်းဆောင်ရွက်နေသူများပါ တက်ရောက်ခဲ့ကြသည်ဟု သိရသည်။

အဆိုပါအခမ်းအနားတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးကျောက်တိုင် အုတ်မြစ်ချပွဲ၌ ပြောကြားခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် သခင်နု၏ မိန့်ခွန်းအပါအဝင် လွတ်လပ်ရေးအဓိဋ္ဌာန် (၉)ချက်နှင့် ဝါရင့်နိုင်ငံရေးသမားကြီးများက နအဖသို့ ပေးပို့သည့် ပန်ကြားလွှာတစောင်ကို ဖတ်ကြားသွားခဲ့သည်။

အချက်(၁၀)ချက်ပါဝင်သည့် အဆိုပါပန်ကြားလွှာတွင် အသက်သွေးချွေးမြောက်မြားစွာ စွန့်လွှတ်၍ ရယူခဲ့ရသည့် လွတ်လပ်ရေးသည် နိုင်ငံခေါင်းဆောင်ကြီးများ မျှော်မှန်းသလိုဖြစ်မလာဘဲ အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲကာ ပြည်တွင်းစစ်ကြီး ဖြစ်ပေါ်လာခဲ့ပြီး တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်ဆီးဆုံးရှုံးခဲ့ရသည့် ဒုက္ခကို ယနေ့တိုင်ခံစားနေကြရကြောင်း၊ တိုင်းပြည်စီးပွားရေးမှာလည်း ၁၉၆၂ ခုနှစ်မှစ၍ ဆုတ်ယုတ်ကျဆင်းလာခဲ့ရာ ယနေ့အခါတွင် ဆိုးဆိုးဝါးဝါးကြုံတွေ့လာနေကြောင်း၊ ထိုသို့သောအခြေအနေဆိုးများကို လွန်မြောက်စေရန်အတွက် နအဖအာဏာပိုင်များနှင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ အဲန်အယ်လ်ဒီပါတီတို့ နိုင်ငံရေးအရ အဓိပ္ပာယ်ရှိသော တွေ့ဆုံဆွေးနွေးမှုများကို အမြန်ဆုံးပြုလုပ်ကာ ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်စေလျက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးဖြေရှင်းကြပါရန် မေတ္တာရပ်ခံ ပန်ကြားထားသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးမှုများ ဆောလျင်စွာ မပြုလုပ်နိုင်ပါက အခြေအနေများ ဆိုးသည်ထက် ဆိုးဝါးလာပြီး တိုင်းပြည်တွင် မမျှော်မှန်းနိုင်သော ဆိုးကျိုးများဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးဖော်ပြထားသည်။

နိဂုံးချုပ်အနေဖြင့် ဖော်ပြထားရာတွင် ယခုလို လွတ်လပ်ရေးနေ့အခါသမယတွင် နအဖ ခေါင်းဆောင်များအနေဖြင့် ယုံကြည်ချက်ကြောင့် ပုဒ်မအမျိုးမျိုးတပ်ကာ ဖမ်းဆီးအကျဉ်းချထားသော နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် အနူးအညွတ် ပန်ကြားအပ်ပါသည်ဟု ရေးသားဖော်ပြထားကြောင်း သိရသည်။❖